# မြဝတီ
နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည်ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ပြည်သူ့အကျိုး ရှက်သယ်ပိုးမည့် အားကိုးထိုက်သူ ရွေးကြစို့။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၁၄)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ အင်္ဂါနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန်ပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်)

# ဒေသစီးပွားပိုမိုဖွံ့ဖြိုးတိုးတက်ရေးအလေးထား

မွန်ပြည်နယ်သည် စီးပွားရေးတိုးတက်ကောင်းမွန်သည့်ပြည်နယ်တစ်ခုဖြစ်သည်။ မွန်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့်နေရာများစွာရှိသည်။ အလားတူ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများလည်း များစွာရှိထားသည့်အတွက် ပြန်လည်ပြုပြင်ထိန်းသိမ်း၍ ပြည်တွင်း၊ ပြည်ပခရီးသွားများလာရောက်လေ့လာနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် "အိမ်သာမှ ဧည့်လာမည်"ဆိုသည့်အတိုင်း မိမိတို့မြို့ရွာပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်သည် သံလွင်မြစ်ကူးတံတား (မော်လမြိုင်)ကိုတည်ဆောက်ထားသည့်အတွက် သွားလာရေးလွယ်ကူလျင်မြန်သည်။ မော်လမြိုင်ကမ်းနားတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးကိုလည်း အထူးဂရုစိုက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများလွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရေးအတွက် လူသွားလမ်းအားအဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်သည့်နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မော်လမြိုင်လေဆိပ်တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေးအတွက်လည်းကောင်း၊ မီးရထားပို့ဆောင်မှုကဏ္ဍမြှင့်တင်နိုင်ရေးအတွက်လည်း ရထားလမ်းများအဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝအဆင်ပြေစေရေးအတွက် လိုအပ်ချက်မှန်သမျှကိုဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စေရေးအတွက် လမ်းတံတားများကို ကွန်ရက်သဖွယ်တည်ဆောက်ပေးထားသည်။ သို့သော် အချို့သောအကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကုန်စည်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေလျက်ရှိသည်။ ထို့ပြင် အခြေခံအဆောက်အဦများ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသော်လည်း အဖျက်သမားအချို့ကြောင့် တည်ဆောက်ပြီး လမ်း၊ တံတား၊ အဆောက်အအုံများပျက်စီးခဲ့ရမှုများရှိသည်။ ၎င်းတို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေရသဖြင့် နိုင်ငံတော်အတွက် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် နှောင့်နှေးနေရခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား နိုဝင်ဘာလ ၁၆ ရက်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် **"နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရေးဖြစ်သင့်ဖြစ်ထိုက်သည့်နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးခဲ့ပြီး ဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်း၏အသီးအပွင့်များကို အမှန်တကယ်အကျိုးခံစားရမည်မှာ ၎င်းဒေသတွင်နေထိုင်သည့်ဒေသခံများပင်ဖြစ်ကြောင်း၊ လူတစ်ဦးစီ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးအားသည်လည်း ကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးလျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက်လိုအပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကိုလည်း ထပ်မံထုတ်ချေးပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စားရေရိက္ခာဖူလုံရေး၌အရေးပါသည့် အသား၊ ငါး၊ ဥများတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် သက်သာသောဈေးနှုန်းရရှိစေရေး မွေးမြူရေးလုပ်ငန်းသည်အရေးကြီးလှသည်။ ဒေသအတွက်လိုအပ်သည့် အသား၊ ငါးနှင့်ဥများကို လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့်ဥများ၏ဈေးနှုန်းများတည်ငြိမ်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်အတွင်း ရေတ်ကောင်းစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံ၏စီးပွားရေးပိုမိုတိုးတက်လာနိုင်ပေမည်။ ကော်ဖီနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံတွင် ကုန်းမြင့်ကော်ဖီများစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘတ်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်။ မွန်ပြည်နယ်တွင် စိုက်ပျိုးထားရှိပြီးဖြစ်သည့် ရော်ဘာ၊ မင်းကွတ်၊ ဒူးရင်း စသည့်နှစ်ရှည်ပင်များအတွင်း မြေနိမ့်ကော်ဖီကို သီးညှပ်စိုက်ပျိုးသွားမည်ဆိုပါက ဝင်ငွေများစွာတိုးတက်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်သည်။ ဒေသမှထွက်ရှိသည့် အသား၊ ငါးများကို အေးခဲအသား၊ ငါးများအဖြစ် အဆင့်မြင့်ကုန်ချောထုတ်ကုန်များပြုလုပ်ကာ ဈေးကွက်လိုအပ်ချက်ရှိသည့်ပြည်ပနိုင်ငံများသို့တင်ပို့နိုင်မည်ဆိုပါကလည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပေရာ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် ဒေသနေပြည်သူအားလုံးက အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**ရက်ပေါင်း ၄၀ သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## ပဲခူးမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြော

ပဲခူး နိုဝင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှကြီးမှူးကျင်းပသည့် ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ကလျာဏီရပ်ကွက်ရှိ ရွှေရီဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုးက ငလျင်လှုပ်စဉ်ဆောင်ရန်ရှောင်ရန်အချက်များ၊ ငလျင်လှုပ်ပြီးချိန်တွင် ဆောင်ရန်ရှောင်ရန်အချက်များ၊ ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန် ဆောင်ရန်ရှောင်ရန်များ၊ ရေကြီးပြီးနောက် ဆောင်ရန်ရှောင်ရန်များ၊ လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးအန္တရာယ်ကာကွယ်ရေးသိကောင်းစရာများ၊ မီးဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့်မီးငြိမ်းသတ်ရန်နည်းလမ်းများ၊ မီးလောင်နေစဉ် လိုက်နာရမည့်ဆောင်ရန်ရှောင်ရန်အချက်များ၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး တာဝန်ရှိသူများ၏ ထုတ်ပြန်ချက် ကြေညာချက်များနှင့် သင်္ကေတအမှတ်အသားအရောင်များ၊ လိုအပ်ပါက ဆက်သွယ်အကူအညီတောင်းနိုင်သည့် ဖုန်းနံပါတ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှထုတ်ဝေသည့် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

(၄၁၀)

## မဲရုံများမီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

ရပ်စောက် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ မဲရုံများမီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲရုံများ၌ မီးဘေးအန္တရာယ်နှင့်အခြားသောမတော်တဆမှုများမဖြစ်ပွားစေရေးနှင့် ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်သည်။

ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် ရပ်စောက်မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်း၊ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများကို သက်ဆိုင်ရာမဲရုံတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(၄၀၅)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၈-၁၁-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုး



**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects–QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ၁၀ စောင် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီးများ၊ အကောင်အထည်ဖော်မည့်ဌာနများမှ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ သံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မှတ်တမ်းမော်ကွန်းများကို ဒစ်ဂျစ်တယ်နည်းဖြင့် ထိန်းသိမ်းခြင်း မြှင့်တင်ရေးစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ အင်းလေးဒေသရှိ ငလျင်ဒဏ်သင့်တိုင်းရင်းသားများအတွက် အိမ်သုံးဆိုလာစနစ်များ ထောက်ပံ့ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာမြတ်မုနိဘုရားတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော အနုပညာလက်ရာများ အစားထိုးရေးဆွဲခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံနို့စားကျွဲမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရှိသမဝါယမအသင်းသားတောင်သူများထံသို့ မှတ်ပုံတင်ထားပြီး အရည်အသွေးမြင့်မားသော ဝါနှင့် မတ်ပဲမျိုးစေ့များပံ့ပိုးခြင်းဖြင့် လယ်ယာကုန်ထုတ်စွမ်းအားမြှင့်တင့်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ JCB အမျိုးအစား Breaker Gun ပါဝင်သော မြေတူးကော်တင်စက် (အသေး)တစ်စီး ဝယ်ယူခြင်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအတွက် ပုံစံမပျက်စစ်ဆေးသော စမ်းသပ်ကိရိယာများ ဝယ်ယူခြင်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ Offline အင်္ဂလိပ်ဘာသာစကားသင်တန်းတည်ထောင်ဖွင့်လှစ်ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်းဝါနှင့် မတ်ပဲမျိုးများရရှိရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆိုလာစွမ်းအင်သုံးရေတင်ခြင်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကလက်မှတ်ရေးထိုးကြပြီး အဆိုပါနားလည်မှုစာချွန်လွှာများတွင် အိန္ဒိယနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma က လက်မှတ်ရေးထိုးသည်။

စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၉၇၃၅ ရှိပြီး စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံဘက်မှကိုယ်စားလှယ်များပါဝင်သည့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီများဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရ တတိယနှစ်မြောက်ဆောင်ရွက်ခြင်းဖြစ်ပြီး၊ စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးခွင့်ပြုပေးခြင်းဖြစ်သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ငါး ခု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၁၀ခု၊ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၁၀ ခုကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လာမည့်ဘဏ္ဍာနှစ်အလိုက် QIP စီမံချက်များကို ဆက်လက်ဆောင်ရွက်ရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြဝတီ**

# ၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့စတင်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၂၅ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအချောထည်အတွဲများ၊ ကျောက်မျက်လက်ဝတ်ရတနာအတွဲများ၊ ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများနှင့် ကျောက်မျက်ရိုင်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယခုပြပွဲကို နိုဝင်ဘာလ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲစုစုပေါင်း (၅၀၈၅)တွဲ၊ ကျောက်မျက်ရိုင်းအတွဲ(၁၃)တွဲနှင့်ကျောက်မျက်လက်ဝတ်ရတနာအတွဲ(၁၄၇) တွဲ စုစုပေါင်းအတွဲ(၁၆၀)နှင့်ပုလဲအတွဲ (၄၈၉)တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင်အသုံးပြုမည့် နိုင်ငံခြားငွေအမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားတို့ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာလ ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ကျောက်မျက်အတွဲများအားလုံးကို နိုဝင်ဘာလ ၂၀ ရက်တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ငွေအမျိုးအစားသတ်မှတ်မှုအနေဖြင့် ကြမ်းခင်းဈေးအား အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားပြီး ငွေပေးချေမှုအတွက် ပြည်ပရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် မြန်မာကျပ်ငွေကို အသုံးပြုနိုင်မည်ဖြစ်သည်။

ကျောက်ရည်၊ ကျောက်သွေးကောင်းမွန်မှု၊ လက်ဝတ်အချောထည်ထုတ်လုပ်နိုင်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်မှုနှင့်တန်ဖိုးဈေးနှုန်းရရှိနိုင်မှု စသည့်အခြေအနေများ



အပေါ် အခြေခံပြီး အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း (၅၀၈၅) တွဲကို နိုဝင်ဘာလ ၂၁ ရက်မှ ၂၆ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပရတနာကုန်သည်အားလုံးအနေဖြင့် အုပ်စုသုံးခုစလုံးကို ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ အတွဲများအတွက် ငွေအမျိုးအစားသတ်မှတ်မှုအနေဖြင့် အုပ်စု(အေ) နှင့် အုပ်စု(ဘီ) တို့အတွက်အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ အုပ်စု(စီ)အတွက် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်းဖြစ်ခြင်းကြောင့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း သတ်မှတ်ထားပြီး ငွေပေးချေမှုပြုလုပ်ရာတွင် ပြည်ပရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေကိုသာ သုံးစွဲရမည်ဖြစ်ပြီး ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ) အတွက် နိုင်ငံခြားငွေဖြင့် ပေးချေရမည်ဖြစ်ကာ အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ သို့မဟုတ် မြန်မာကျပ်ငွေ၊ အုပ်စု(စီ) အတွက်မြန်မာကျပ်ငွေကို သုံးစွဲနိုင်မည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကဲ့သို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာများရောင်းချနိုင်ခြင်းသည် နိုင်ငံတော်အတွက်နိုင်ငံခြားဝင်ငွေအမြောက်အမြား ရှာဖွေပေးနိုင်သကဲ့သို့ နိုင်ငံသားများ အတွက်လည်း စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရနိုင်စေခဲ့ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း အထောက်အကူပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် စီးပွားအကျိုးဖြစ်ထွန်းစေမည့် ကျောက်မျက်ရတနာပြပွဲများအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြန်လည်အစားထိုးမရနိုင်သည့် သယံဇာတများဖြစ်သည့် ကျောက်မျက်ရတနာများနှင့် မြန်မာ့မြေ အလှတရားကို ရှင်သန်တည်တံ့စေရန်အတွက် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲသွင်**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ကော ပြောစရာရှိသေးသလား ဘရားသား"

နုပ်။ "တစ်ခုတော့ ကျွန်တော်ပြောချင်သေးတယ်ဗျာ"

ညီ။ "ပြောပါခင်ဗျာ"

နုပ်။ "ကျွန်တော်ပြောချင်တာက ဒဏ္ဍာရီလေးတစ်ခုပါပဲ။ နေမင်းနဲ့လေမင်းဟာ ခရီးသည်တစ်ယောက်ရဲ့ အဝတ်အစားကိုချွတ်ခွာဖို့ အပြိုင်အဆိုင် ကြိုးစားကြသတဲ့။ ရှေးဦးစွာ လေမင်းက အစွမ်းရှိသလောက် ပြင်းပြင်းကြီးတိုက်ခတ်ပြီး ခရီးသည်ရဲ့အဝတ်ကိုချွတ်ခွာဖို့ကြိုးစားရာမှာ ခရီးသည်က လေဟုန်ပြင်းလေလေ သူ့အဝတ်ကို မကျွတ်ရအောင် သိမ်းကျုံးပြီး ဖက်ထားလေလေပဲတဲ့။ ဒီတော့ လေမင်းလက်လျှော့လိုက်ရရောတဲ့။ နေမင်းအလှည့်ကျတော့ အထက်ကောင်းကင်အာကာသမှာ လေမင်းတိုက်လွှင့်ထားလို့ တိမ်တွေလွှင့်စဉ်ပြီး လဟာပြင်ဟင်းလင်းကြီးဖြစ်နေခိုက်မှာ အစွမ်းရှိသမျှ အားထုတ်ပြီး ကျဲကျဲကြီးပူပေးလိုက်ရာမှာ ခရီးသည်ဟာ ပူပြင်းလှလို့ မခံမရပ်နိုင်အောင်ဖြစ်ပြီး သူ့ကိုယ်က အဝတ်တွေကို ချွတ်ခွာလိုက်ရသတဲ့။ ခင်ဗျားတို့ ခရုရှော့ဟာလည်း အမေရိကန်နဲ့ ဆက်ဆံရာမှာ နေမင်းရဲ့ထုံးကိုကျင့်သုံးရင် ကောင်းမယ်ဗျာ။ သူတို့ဘက်က လေမုန်တိုင်းလို ဟိန်းဟောက်စမ်းပါစေ။ ကိုယ်က နာကြည်းတဲ့စကားလုံးမျိုးတွေနဲ့ ပြန်မတွယ်ဘဲ ကြံ့ကြံ့ခိုင်ပြီး ကမ္ဘာ့သူ၊ ကမ္ဘာ့သားကို အနုနည်းအမျိုးမျိုးနဲ့ ယဉ်ယဉ်ကျေးကျေး သိမ်းသွင်းသွားရင် ယခုထက်အောင်မြင်ပြီး ကမ္ဘာ့စစ်ကြီးလည်း အလုမ်းဝေးသွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

ညီ။ "ဘရားသားပြောတဲ့ နည်းမျိုးတွေနဲ့ဖြစ်နိုင်ပါ့မလားခင်ဗျာ"

နုပ်။ "ခင်ဗျားတို့ဆရာကြီး ကားလ်မာ့က်စ်က လူများစု သက်သာချောင်ချိရေးစနစ်နဲ့ပတ်သက်ပြီး သူ့ဘာသာသူ စိတ်ချယုံကြည်သလို ကျွန်တော်ကလည်းပဲ တစ်ဖက်နဲ့တစ်ဖက် အာဃာတလျှော့ကျအောင်လုပ်ခြင်းသည် ကမ္ဘာ့စစ်တားဆီးနိုင်တယ်ဆိုခြင်းကို သူ့လောက်ပဲယုံကြည်ပါတယ်။ အာဃာတလျှော့ကျအောင် လုပ်ပုံလုပ်နည်းများနဲ့ပတ်သက်လို့လည်း ကျွန်တော့်ဟာကျွန်တော် ယုံကြည်လျက်ရှိတဲ့အပြင် ကားလ်မာ့က်စ်ရဲ့ Theory စိတ်ကူးကို လီနင်က လက်တွေ့စမ်းသပ်ဖြည့်စွက်ခဲ့သလို ခင်ဗျားတို့က ကျွန်တော့်နည်းကို ဖြည့်စွက်ပေးနိုင်ကြရင် ကောင်းပါလိမ့်မယ်။ ကျွန်တော့်နည်းနဲ့ ဖြစ်၊ မဖြစ်ထားပါဦး။ ခင်ဗျားတို့မှာ ကမ္ဘာ့စစ်မဖြစ်နိုင်တဲ့နည်းရယ်လို့ လက်ကိုင်ရှိထားပြီလား"

ညီ။ "ကျွန်တော်တို့လည်း ကြိုးစားပြီးလုပ်နေတာပဲ ဘရားသား"

နုပ်။ "ကောင်းပါပြီ။ ကမ္ဘာ့စစ်မဖြစ်နိုင်တဲ့နည်းရယ်လို့ (Theory) စိတ်ကူးတစ်ခုအနေနဲ့ တွေ့ထားကြပြီလား"

ညီ။ "သူတို့ဘက်က လိုချင်တာတွေကို လျှော့ပေးလိုက်ရင်တော့ စစ်မဖြစ်ဘူးပေါ့ခင်ဗျာ"

နုပ်။ "ကျွန်တော်တင်ပြခဲ့တဲ့နည်းက ကားလ်မာ့က်စ်ရဲ့ လမ်းစဉ်ကိုဖျက်သိမ်းပြီး လျှော့ပေးရတဲ့ဆီအထိလုပ်ဖို့ပါသလားခင်ဗျာ"

ညီ။ "ဒါကတော့ စဉ်းစားရဦးမှာပဲခင်ဗျာ"

နုပ်။ "စဉ်းစားကြပါလေ။ သို့သော် ကျွန်တော်တစ်ခုပြောချင်ပါတယ်။ ခင်ဗျားတို့ ကမ္ဘာ့ငြိမ်းချမ်းရေးကော်မတီတို့၊ ကြံ့ခိုင်ရေးကော်မတီတို့နဲ့ ကျွန်တော်ဆွေးနွေးခဲ့ဖူးပါပြီ။ ကမ္ဘာ့စစ်ကြီးမဖြစ်နိုင်တော့ပါဘူးလို့တော့ စိတ်မချရပါဘူးတဲ့။ ဒီလိုဆိုကတည်းက စိတ်ချလောက်တဲ့နည်းတစ်ခုကို စိတ်ကူးအားဖြင့်တောင် တွေ့မထားသေးဘူးဆိုတာ ထင်ရှားနေတယ်မဟုတ်ဘူးလား"

ညီ။ "ဟုတ်ကဲ့ ဆိုနိုင်ပါတယ်"

နုပ်။ ဒီလိုဆိုရင် ကျွန်တော့်နည်းကို စမ်းသပ်တဲ့အတွက် ခင်ဗျားတို့ကားလ်မာ့က်စ်ရဲ့ စီးပွားရေးလမ်းစဉ်ကို ထိခိုက်ပျက်ပြားခြင်းမရှိနိုင်ဘူးလို့ စိတ်ချရတယ်ဆိုပါက စမ်းသပ်မကြည့်ထိုက်ဘူးလားဗျာ"

ညီ။ "ဒါကတော့ အချိန်ယူပြီး စဉ်းစားကြရမှာပေါ့ခင်ဗျာ"

နုပ်။ "အချိန်ကတော့ သိပ်မရှိတော့ဘူးနော်။ ဟိုတစ်ဖက်က အင်မတန်စိတ်ဆိုးနေကြပြီ။ သူတို့ရဲ့ ဒေါသမာန်မာနအလျောက် ခင်ဗျားတို့ သည်းမခံနိုင်တဲ့အပြုအမူမျိုး တစ်ခုခုပြုလိုက်မိရင် အားလုံးဒုက္ခတွေ့ကုန်ကြလိမ့်မယ်။ ဂျာမန်ဆိုတဲ့လူမျိုးကလည်း မာနခဲကြီးဗျ။ ကျွန်တော်ရောက်ခဲ့ဖူးလို့ အကဲခတ်နိုင်ခဲ့တယ်"

ညီ။ "ဘရားသားက ဒါတွေကို ဘယ်တုန်းက စဉ်းစားပေးထားသလဲ"

နုပ်။ "ကျွန်တော်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးသမားတစ်ယောက်ပါပဲ။ ဟိုတုန်းက ခင်ဗျားတို့နည်းမျိုးစုံနဲ့ ကိုယ်တတ်သလောက် ရေးခဲ့၊ ဟောခဲ့ဖူးပါတယ်။ ယူတူးကိစ္စပေါ်လာတော့မှ ခင်ဗျားတို့နည်းမျိုးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးမရနိုင်ဘူးလို့ သဘောပေါက်ပြီး ကိုယ့်ဘာသာကိုယ်စဉ်းစားခဲ့ပါတယ်"

ညီ။ "ဘာကိုအခြေတည်ပြီး စဉ်းစားသလဲ ဘရားသား"

နုပ်။ "ဂေါတမဗုဒ္ဓနည်းပါပဲ။ ဂေါတမဗုဒ္ဓရဲ့ ဩဝါဒပေါ်မှာ အခြေတည်ပြီး ဒီခေတ်အခြေအနေအရ ဒီခေတ်လူတွေ(ဘာသာမရွေး၊ ဘာသာရှိရှိ၊ မရှိရှိ) အားလုံးသဘောပေါက်နားလည်လောက်အောင်ဘယ်လိုတင်ပြရပါ့မလဲလို့ စဉ်းစားခဲ့တာ တော်တော်ကြာပါပြီ။ အင်္ဂလန်က အဘိဓမ္မာဆရာကြီး ဘာတရန်ရတ်ဆဲလ်က 'လူသားသည် အနာဂတ်ရှိသေးသလော' ဆိုတဲ့ပုစ္ဆာကို စာအုပ်တစ်အုပ်ထုတ်ပြီး မေးလိုက်တော့ ကျွန်တော်က အဖြေပေးဖို့ အပူတပြင်းစဉ်းစားစိတ်ကူးပြန်တယ်။ ကျွန်တော့်အဖြေကိုရေးပြီး စာအုပ်တစ်အုပ်ထုတ်ဖို့ စိတ်ကူးနေတုန်းမှာ ခင်ဗျားနဲ့ စကားလက်ဆုံပြီး ဒါတွေကို လျှောက်ပြောမိတာပဲ"

ညီ။ "ဘရားသားရဲ့ဆရာကြီး ဂေါတမဗုဒ္ဓက သူတစ်ပါးထက် ဘာများထူးသလဲခင်ဗျာ"

နုပ်။ "ဗုဒ္ဓကို ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဝင်တွေကတော့ အလုံးစုံသောအခြင်းအရာကို သိနိုင်တဲ့ဉာဏ်တော် (Omniscience) ရှိတော်မူတယ်လို့ ဆိုကြတယ်"

ညီ။ "အလုံးစုံကို သိတယ်ဆိုတာဘာလဲ"

နုပ်။ "အလုံးစုံတွေ၊ ဘာတွေလုပ်မနေနဲ့။ အရေးကြီးတာကတော့ ဗုဒ္ဓသည် ကိစ္စဟူသမျှမှာ အကြောင်းတရားကို သိတော်မူတယ်။ အကျိုးတရားကိုလည်း သိတော်မူတယ်။ ဒါဟာ ကျွန်တော့်အဖို့ အရေးအကြီးဆုံးပဲ။ ဒါကို ကျွန်တော်ယုံကြည်တယ်။ ဒီဉာဏ်ကို ကျွန်တော်ကြည်ညိုတယ်"

ညီ။ "တခြားလူများကောမသိနိုင်ဘူးလားခင်ဗျာ"

နုပ်။ "သိတန်သလောက်သိတဲ့သူများရှိကြပါလိမ့်မယ်။ ကိစ္စဟူသမျှမှာတော့ မသိနိုင်ကြဘူးဗျ။ သိပြန်တော့လည်း အမှန်းအဆအားဖြင့်သာသိနိုင်ကြမယ်။ မှန်တဲ့အခါမှန်တယ်၊ မှားတဲ့အခါမှားတယ်။ ဗုဒ္ဓကတော့ တပ်အပ်သေချာမလွဲသိတော်မူတယ်ဗျ"

ညီ။ "ထပ်ရှင်းပါဦး ဘရားသား"

နုပ်။ "Matter ရုပ်တရားနဲ့ပတ်သက်လို့ ဒီခေတ်လောကခေတ်ဆရာတွေက စမ်းသပ်ခြင်း၊ တွေးတောခြင်းအားဖြင့် အကြောင်းတရား၊ အကျိုးတရားတွေကို အတော်မှန်ကန်အောင်သိနိုင်ကြပါတယ်။ စိတ်နဲ့ပတ်သက်လို့ကတော့ သူတို့မှန်အောင် မတွေးတတ်ဘူး။ တစ်ဖက်က ဒေါသဖြစ်နေရင် သူ့ထက်ကြီးတဲ့ ဒေါသနဲ့ ခံတိုက်လို့အောင်မြင်နိုင်တယ် ထင်ကြတယ်။ ဗုဒ္ဓကတော့ ဒေါသကို ဒေါသဖြင့် မချေမှုန်းနိုင်၊ မေတ္တာဖြင့်သာ အောင်နိုင်တယ်လို့ တပ်အပ်သေချာသိတော်မူတယ်"

ညီ။ "ဒေါသဖြစ်နေတဲ့လူကို မေတ္တာထားဖို့ ဖြစ်နိုင်သလား ဘရားသား"

နုပ်။ "မေတ္တာထားဖို့ မဖြစ်နိုင်ရင် ဒေါသချင်းမပြိုင်ဖို့လောက်ကိုတော့ ကြိုးစားကြရလိမ့်မယ်"

ညီ။ "ဒါလောက်တောင်မှ ခဲယဉ်းလှပါတယ်ခင်ဗျာ"

နုပ်။ "ခဲယဉ်းတာကတော့ မှန်တယ်။ သို့သော် ဒီနည်းလမ်းကိုမှ တစ်ဖက်ဖက်ကစပြီး မလိုက်ကြရင် ဒီလက်နက်မျိုးတွေနဲ့တော့ တစ်ချိန်ချိန်မှာ လူမျိုးပြုတ်တတ်တယ်။ မပြုတ်သေးမီအတွင်းမှာလည်း တစ်ချိန်ထက်တစ်ချိန် စိုးရိမ်ကြောင့်ကြမှု၊ စိတ်ပူလောင်မှုတွေက တိုး၍တိုး၍သာ တက်လာတော့မှာပဲ"

**ဆက်လက်ဖော်ပြပါမည်။**

## မော်လမြိုင်ကျွန်းမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းဆောင်ရွက်



မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို (၁၄)လမ်း အခြေခံပညာမူလတန်းကျောင်းနှင့် (၉)လမ်း အခြေခံပညာမူလတန်းကျောင်းတို့၌ နိုဝင်ဘာလ ၁၇ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာစန်းဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးမင်းမင်းထွန်းနှင့်ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းအပြင် တန်ဖိုးသင့်၍ သန့်ရှင်းပြီးအာဟာရပြည့်ဝသော အစားအစာချက်ပြုတ်နည်းနှင့် အစာမစားမီစနစ်တကျလက်ဆေးခြင်းနည်းလမ်းများကို သရုပ်ပြသကြသည်။

ကျောင်းသား၊ ကျောင်းသူများ ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရန်ရည်ရွယ်၍ အာဟာရကျွေးမွေးခြင်း အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ ဆက်)**

## လမ်းမတော်မြို့နယ်၌ မဲရုံမှူး ဒုတိယမဲရုံမှူး သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ်၌ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၁၇ ရက်တွင် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနေလင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ မဲရုံများတွင်တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအား လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းကို မဲရုံမှူး၊ ဒုတိယမဲရုံမှူး သင်တန်းသား၊ သင်တန်းသူ ၄၄ ဦး တက်ရောက်ကြကာ သင်တန်းကို နှစ်ရက်ကြာသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကဦးဆောင်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Jasmine Nay Pyi Taw Hotel ၌ Hybrid Mode ဖြင့် စတင်ကျင်းပသည်။




အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အရာရှိကြီးများကို လှိုက်လှဲစွာကြိုဆိုကြောင်း၊ ယခုကဲ့သို့အရေးပါသည့် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူကြောင်း၊ ယခုအစည်းအဝေးများတွင် အာဆီယံအသိုက်အဝန်း ၂၀၄၅ နှင့် အာဆီယံပေါင်းစည်းဆက်သွယ်မှု ၂၀၃၀ နှင့် အညီ အာဆီယံသယ်ယူပို့ဆောင်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၆-၂၀၃၀) ဖော်ဆောင်နိုင်ရေးကိုလည်းကြိုဆိုကြောင်း၊ အာဆီယံဒေသတွင်းရေရှည်တည်တံ့သော ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆွေးနွေးဖက်နိုင်ငံများ၏စဉ်ဆက်မပြတ်ပံ့ပိုးမှုသည် များစွာထိရောက်မှုရှိကြောင်း၊ အာဆီယံမိသားစုများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံး၏ စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသောကတိကဝတ်များကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်ကြသည့်အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အစည်းအဝေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သည်။

အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၀၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် နှစ်ကြိမ်ကျင်းပခဲ့ပြီး ယခု တတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

ယခုကျင်းပသည့် အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အီးယူစသော ဆွေးနွေးဖက်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်လျက်ရှိကြောင်း၊ အစည်းအဝေးများကို နိုဝင်ဘာလ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံ(GGI)ဆွေးနွေးပွဲနှင့် ၂၀၂၅ ခုနှစ် စတုတ္ထသုံးလပတ် တရုတ် - မြန်မာမီဒီယာဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ကြီးမှူးကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံဆွေးနွေးပွဲနှင့် ၂၀၂၅ ခုနှစ် စတုတ္ထသုံးလပတ် တရုတ်-မြန်မာမီဒီယာတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့ Wyndham Hotel ၌ ကျင်းပသည်။




အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ သံမှူးကြီး၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဌာနမှူးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ Dr. Margaret Wong၊ တရုတ်-မြန်မာမီဒီယာများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ အမေရိကန်၊ စင်ကာပူနှင့် ဗြိတိသျှပညာရှင်သုံးဦးတို့၏ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံများ အင်တာဗျူးဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက တရုတ်နိုင်ငံသည်ကုလသမဂ္ဂဗဟိုပြုသောနိုင်ငံတကာစနစ်နှင့်နိုင်ငံတကာဥပဒေအခြေပြုသော နိုင်ငံတကာစည်းမျဉ်းစည်းကမ်းကို ခိုင်မာစွာကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး တန်းတူညီမျှစနစ်တကျရှိသော ဗဟုဝင်ရိုးကမ္ဘာအတွက် ထောက်ခံအားပေးမည်ဖြစ်ကာ တစ်ဖက်သတ် ပိတ်ဆို့အရေးယူမှုများ၊ အခွန်မတရားကောက်ခံမှု စသည်တို့ကို ဆန့်ကျင်သွားမည်ဖြစ်၍ ပွင့်လင်းမြင်သာပြီး ပူးပေါင်းဆောင်ရွက်သော၊ အပြန်အလှန်အကျိုးရှိသော ကမ္ဘာ့စီးပွားရေးကို တည်ဆောက်မည်ဖြစ်ရာ အားလုံးပါဝင်သည့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို မြှင့်တင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များက ကမ္ဘာ့တောင်ဘက်ခြမ်းတွင် ကျယ်ပြန့်စွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာနှစ်နိုင်ငံမှ မီဒီယာများ၊ တတ်သိပညာရှင်အဖွဲ့များနှင့် အနုပညာရှင်များက ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံကို တက်ကြွစွာဖြန့်ဝေသူများ၊ ရှေ့လမ်းညွှန်သူများနှင့် တည်ဆောက်သူများအဖြစ် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံအကောင်အထည်ဖော်ရန် ကောင်းမွန်သော လူထုထင်မြင်ချက်နှင့် လူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏အနာဂတ်ကို မြန်မာနိုင်ငံသားများကသာ ကိုယ်တိုင်ထုဆစ်ပုံဖော်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှ ပြည်သူတို့၏ ငြိမ်းချမ်းသာယာသောအနာဂတ်ကို ဖန်တီးပေးနိုင်ရန်နှင့် အချုပ်အခြာအာဏာအပြန်အလှန်လေးစားနိုင်ရန် ယခုလို GGI အဆိုပြုချက်များသည် များစွာလက်တွေ့ကျသည်ကို တွေ့ရှိရကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ညီညွတ်မျှတမှုကို အခြေခံကာ အနိုင်ကျင့်ဗိုလ်ကျစိုးမိုးမှုများကိုရှောင်ရှားပြီး စစ်ပွဲများ၊ ပဋိပက္ခများ လျော့ပါးရပ်စဲရန်၊ အင်အားကြီးနိုင်ငံများအနေဖြင့် အားနည်းသောနိုင်ငံများအပေါ် စာနာနားလည်ထောက်ထားကာထောက်ပံ့ကူညီရိုင်းပင်းမှုများဖြင့် အေးချမ်းသာယာငြိမ်းချမ်းသောဒေသများအဖြစ် ကြိုးစားသွားကြရန်နှင့် အတိတ်၏အဖြစ်အပျက်များအပေါ် သင်ခန်းစာယူခြင်းဖြင့် ငြိမ်းချမ်းသာယာသောကမ္ဘာကြီးအဖြစ် ဝိုင်းဝန်းကြိုးစားတည်ဆောက်နိုင်ကြပါစေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဖြစ်သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဆက်လက်မြှင့်တင်ပြီး အနာဂတ်ကာလ၌ အိမ်နီးချင်းကောင်းများအဖြစ် ဆက်လက်ရပ်တည်နေထိုင်ဆက်ဆံသွားကြပါစို့ဟု ပြောကြားသည်။

ထို့နောက် တရုတ်-မြန်မာမီဒီယာကိုယ်စားလှယ်များက ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံနှင့် ၂၀၂၅ ခုနှစ် စတုတ္ထသုံးလပတ်ဆွေးနွေးပွဲကို ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၃/၂၀၂၅)သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးတို့တွင် တာဝန် ထမ်းဆောင်ကြမည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၃ / ၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ရွေးကောက်ပွဲကျင်းပရာတွင် လိုက်နာကျင့်သုံးရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထားပြီး အဆိုပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်ရန် လိုအပ်ကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ရွေးကောက်ပွဲ အပိုင်း (၁) စတင်ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲစနစ်အနေဖြင့် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional-MMP) ကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ သင်တန်းတွင်စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပေးမည်ဖြစ်ကြောင်း။

မဲပေးသည့်စနစ်အနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များကို ကြိုတင် ဆန္ဒမဲများကလွဲ၍ အသုံးပြုပြီး လွယ်ကူရိုးရှင်းစွာ မဲပေးရမည်ဖြစ်ကြောင်း၊ မဲပေးစက်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများကိုအသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကို အပိုင်း သုံးပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မဲပေးစက်များကို ကြိုတင်စစ်ဆေးခြင်း၊ အပိုင်းလိုက်သယ်ယူပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မဲဆန္ဒရှင်စာရင်းများ ပြည့်စုံစေရန် အတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ် တို့ကို ထပ်မံကပ်ထားပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင်ထည့်သွင်းရန် တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ကြောင်း၊ မဲစာရင်းများ ကပ်ထားရာတွင် စနစ်တကျဖြစ်စေရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ကြီးကြပ်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ မဲဆွယ်စည်းရုံးရေးနှင့်စပ်လျဉ်း၍ စနစ်တကျဖြစ်စေရန် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ကြရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်စေရေး သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက စနစ်တကျကြီးကြပ်ဆောင်ရွက်ကြရန်လိုကြောင်း။



မြို့နယ်များတွင် အများယုံကြည်လေးစားခြင်းခံရသော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့ဝင်များရှိပြီးမြို့နယ် ဦးစီးအရာရှိအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးအဖြစ်လည်း တာဝန်ရှိကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံတစ်ခု၏ ဂုဏ်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီကျင့်စဉ်ကို အကောင်အထည်ဖော်ရာတွင် ရွေးကောက်ပွဲများကို ကျင်းပရမည်ဖြစ်ပြီး နိုင်ငံအတွက် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲများဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားအရာရှိများ အနေဖြင့်သင်တန်းက သင်ကြားပို့ချပေးသည့်သင်ခန်းစာများသည် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုမည်ဖြစ်၍ အလေးအနက်ထား လေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့်သင်တန်းသား၊ သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာလ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကျင်းပ




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်များပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်လျက်ရှိသည်။

ထိုသို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းစစ်သည်များအနက်မှ သုံးပုံတစ်ပုံ လျှော့ပေါ့ခွင့်ရရှိသည့် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းပြီးသူများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသည့် စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများအား အလုပ်အကိုင်ရရှိရေး ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်တွင်း/ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီနှင့်ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၂) သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၇

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၂)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်က "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးတိုးတက်စေရန်အတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ် လူသားအရင်းအမြစ်များစွာ မွေးထုတ်ရန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များ အပြင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၃၀) ကို တိတိကျကျလိုက်နာစောင့်ထိန်းကာ ပါတီနိုင်ငံရေးကင်းရှင်းအောင် ပြုမူနေထိုင်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့၏ တပည့်များကို ကျောင်းစည်းကမ်းလိုက်နာခြင်းမှစ၍ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများကိန်းအောင်းလာစေရေး သင်ကြားလေ့ကျင့်ပေးကြရန် တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၂)သို့ သင်တန်းသား ၄၉ ဦး၊ သင်တန်းသူ ၄၄၃ ဦး စုစုပေါင်း ၄၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာလ ၁၇ ရက်မှ ဒီဇင်ဘာလ ၁၈ ရက်ထိ ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၇

တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# ပြည်သူ့ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၇

**ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ဦးကိုကိုကြီး(ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ)

**နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်ရှင်အစစ်အမှန်ဖြစ်ကြတဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျာ...**

မဲဆန္ဒရှင်ပြည်သူအားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်သူ့ပါတီဟာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များကိုအခြေခံပြီး နိုင်ငံရေးမျိုးဆက်အသီးသီးမှ ရဲဘော်များ၊ နယ်ပယ်အသီးသီးမှတတ်သိကျွမ်းကျင်သူများကို စုစည်းတည်ထောင်ထားတဲ့ ပါတီဖြစ်ပါတယ်။ မကြာမီဖြတ်သန်းကြရမယ့် ရွေးကောက်ပွဲဟာ သာမန်အခြေအနေတွေမှာ ကျင်းပရတဲ့ ရွေးကောက်ပွဲတွေနဲ့ မတူပါဘူး။ ဒါကြောင့်လည်း ရွေးကောက်ပွဲအလွန်မှာ ဘယ်လိုကိစ္စတွေကို ဦးစားပေးဆောင်ရွက်ကြမလဲဆိုတာက အင်မတန်ကိုအရေးကြီးပါတယ်။

ကျွန်တော်တို့ ပြည်သူ့ပါတီအနေနဲ့ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်ရေးတို့ကို အဓိကဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးစားပေးအစီအစဉ်လို့ပြောနေရပေမယ့် တစ်ခုပြီးမှ တစ်ခုလုပ်ရမှာမျိုးမဟုတ်ဘဲ ရှိသမျှအရင်းအမြစ်တွေကို စုစည်းပြီး အင်တိုက်အားတိုက်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေး တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့လည်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ဖို့ဆိုတာ အင်မတန်ကိုခက်ခဲပါတယ်။ ပဋိပက္ခပြင်းထန်တဲ့ကာလတွေမှာ အစွန်းတရားတွေ ကြီးထွားလေ့ရှိပေမယ့် နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်ရေးအမြင်ကိုတော့ မျက်ခြည်မပြတ်ဖို့လိုပါတယ်။ ဒါကြောင့်လည်း အကြောင်းကြောင်းကြောင့် ကွဲကွာနေရတဲ့မိသားစုတွေ ပြန်လည်ဆုံစည်းနိုင်ဖို့ ငြိမ်းချမ်းတဲ့နိုင်ငံရေးနည်းလမ်းနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်လာကြစေဖို့ အဓိကဆောင်ရွက်သွားပါ့မယ်။ တိုက်ပွဲရှောင်နေရပ်စွန့်ခွာပြည်သူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်လည်အခြေချနိုင်ရေး၊ ပြန်လည်ထူထောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး၊ ပညာရေး ကျန်းမာရေး လူမှုရေးဝန်ဆောင်မှုတွေ ပြန်လည်ခံစားရရှိနိုင်စေဖို့အတွက် မူဝါဒတစ်ရပ်ညှိနှိုင်းဖော်ဆောင်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးဆွေးနွေးညှိနှိုင်းမှုတွေ အောင်မြင်ရရှိစေဖို့အတွက်လည်း ဆောင်ရွက်သွားပါ့မယ်။ ငြိမ်းချမ်းရေးရရှိလာတာနဲ့အမျှ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်တဲ့ စိုးရိမ်သောကတွေကိုလည်း သက်သာစေမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်စေဖို့အတွက် စစ်ဆေးကြီးကြပ်ခြင်းများဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ တကယ်တော့ လက်နက်ကိုင်ပဋိပက္ခရဲ့ အခြေခံဇာစ်မြစ်က တန်းတူညီမျှရေးပဲဖြစ်ပါတယ်။ တိုင်းရင်းသားတိုင်း တန်းတူညီမျှရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စကိုလည်း အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လာရင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဟာ ရာဇဝတ်မှုတွေ လျော့ချနိုင်ဖို့အတွက် အခြေခံတစ်ခုဖြစ်ပါတယ်။ လူငယ်တွေကြားထဲမှာ မူးယစ်ဆေးဝါးပျံ့နှံ့သုံးစွဲနေမှုဟာလည်း နိုင်ငံရဲ့ လူသားအရင်းအမြစ်တွေကို ထိခိုက်ပျက်စီးစေတာဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အလေးအနက်ထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဟာ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သလို ပြည်သူတွေရဲ့ နေ့စဉ်ဘဝလုံခြုံမှုအတွက်လည်း အင်မတန်အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးရေးလို့ပြောရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍဟာအဓိကပါ။ နိုင်ငံ့ဝန်ထမ်းတွေအတွက် အခြေခံလူနေမှုစရိတ်နဲ့လိုက်လျောညီထွေတဲ့ လုပ်ခလစာ အဆောင်အယောင်တွေ ရရှိခံစားနိုင်စေဖို့နဲ့ စွမ်းရည်ထက်မြက်ပြီး ကျစ်လျစ်တဲ့ ဝန်ထမ်းယန္တရားပြုပြင် ပြောင်းလဲမှုတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲအုပ်ချုပ်ရေးစနစ်ကိုလည်း ခေတ်နဲ့လျော်ညီတဲ့ E- Government အဆင့် အမြန်ဆုံးရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။ တရားမျှတပြီး ခေတ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ဥပဒေတွေဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်အမိန့်တွေကို စိစစ်သုံးသပ်ပြီး ပြင်ဆင်သင့်တာတွေ၊ ပယ်ဖျက်အစားထိုးသင့်တာတွေ၊ အသစ်ပြဋ္ဌာန်းသင့်တာတွေကိုလည်း အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ရင် လျှပ်စစ်စွမ်းအင်ကဏ္ဍဟာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ လျှပ်စစ်မီးမှန်မှန်ရရှိစေဖို့ စွမ်းအင်ကဏ္ဍဖူလုံစေဖို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တာနဲ့အညီ တောင်သူလယ်သမားများ ကြွေးမြီကင်းရှင်းစေရေး၊ စိုက်စရိတ်ချေးငွေများ သီးနှံအာမခံစနစ်များခံစားရရှိနိုင်စေရေး၊ မျိုးစေ့မြေဩဇာပိုးသတ်ဆေး စက်သုံးဆီစိုက်ပျိုးရေးရေရရှိစေရေး၊ သီးနှံထွက်ကုန်များ လက်ဝါးကြီးအုပ်ဈေးကစားခြင်းမှအကာအကွယ်ပေးရေး၊ စိုက်ပျိုးရေးအခြေခံတန်ဖိုးမြှင့်ကုန်စည်များထုတ်လုပ်နိုင်ရေးတို့ကို အားပေးထောက်ပံ့သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်အတူ မွေးမြူရေးနဲ့ ရေထွက်ပစ္စည်းလုပ်ငန်းတွေဖွံ့ဖြိုးဖို့အတွက် နည်းပညာအရင်းအနှီးနဲ့ဈေးကွက်အဆက်အသွယ်တွေကိုလည်း ရှာဖွေကူညီပေးသွားမှာဖြစ်ပါတယ်။ လယ်ယာသားငါးထွက်ကုန်များ၊ စက်မှုထွက်ကုန်များ ဈေးကွက်နဲ့ချိတ်ဆက်နိုင်ဖို့အတွက် လိုအပ်တဲ့ကုန်ထုတ်လမ်းကြောင်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းကွန်ရက်များ အဆင့်မြှင့်ပြုပြင်တည်ဆောက်ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ လုံခြုံချောမွေ့စေခြင်းတို့ကိုလည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လူငယ်တွေအလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်လာစေဖို့အတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေဖန်တီးပေးနိုင်မယ့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဦးစားပေးဖိတ်ခေါ်ခြင်း၊ ပြည်ပသွားရောက်အလုပ်လုပ်ကိုင်ကြမယ့် လူငယ်တွေအတွက် ဥပဒေအကာအကွယ်ရရှိခံစားနိုင်စေရေး၊ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေရရှိပြီး နိုင်ငံတော်အတွက် ကျွမ်းကျင်လုပ်သားအင်အားတွေပြန်လည်ရရှိနိုင်စေဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အင်မတန်အရေးပါပါတယ်။ ဒါကြောင့် လမ်း၊ တံတားအဆောက်အအုံများ လူနေအိမ်ရာများ၊ အိမ်ခြံမြေဈေးကွက်စနစ်တကျဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းအပါအဝင် ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မူဝါဒများညှိနှိုင်းရေးဆွဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နယ်ပယ်ကဏ္ဍအသီးသီးအတွက် ဖွံ့ဖြိုးရေးဘဏ်များ စနစ်တကျတည်ထောင်ဖွံ့ဖြိုးလာစေဖို့ကိုလည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံဖြစ်တဲ့ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်တိကျရေးနဲ့ နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ တိတိကျကျသတ်မှတ်ဖော်ဆောင်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားပါ့မယ်။ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်(digital economy) ပြုပြင်ပြောင်းလဲရေး မြန်ဆန်ထိရောက်စေဖို့ အားပေးဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပလုပ်ငန်းရှင်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် အဓိကအခက်အခဲဖြစ်နေတာ တစ်ခုကတော့ ဘဏ်တိုးနှုန်းပဲဖြစ်ပါတယ်။ အခွန်အကောက်ကောက်ယူတဲ့ နေရာမှာလည်း ရိုးရှင်းပြီး သင့်တင့်မျှတတဲ့ အခွန်အကောက်စနစ်တွေဖြစ်ဖို့၊ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ကျယ်ပြန့်တဲ့အခွန်ထမ်းစနစ်ဖြစ်ပေါ်စေဖို့ ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုဗစ်ကပ်ရောဂါကာလကစပြီး ထိခိုက်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်သက်ဝင်အားကောင်းလာစေဖို့ စီးပွားရေးနှိုးဆွမှုအစီအမံများ(economic stimulus plan)ကိုလည်း ညှိနှိုင်းဖော်ဆောင်သွားမှာဖြစ်ပါတယ်။ တင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်းများကြိုးနီစနစ်များကိုလည်း အတတ်နိုင်ဆုံးပြုပြင်ဖြေလျှော့ခြင်း(deregulation) ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အသေးစား၊ အလတ်စားနဲ့ စွန့်ဦးတီထွင်လုပ်ငန်းတွေ အားကောင်းသန်မာလာစေဖို့နဲ့ ငွေကြေးဈေးကွက်နဲ့လွယ်ကူစွာချိတ်ဆက်နိုင်စေဖို့၊ အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်လာစေဖို့အတွက်တွေကိုလည်း အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလို့ပြောတဲ့နေရာမှာ နိုင်ငံသားတွေရဲ့ဖွံ့ဖြိုးတိုးတက်ရေးက အခြေခံအကျဆုံးပဲဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့နိုင်ငံသားတွေဖြစ်ဖို့၊ ဉာဏ်ရည်မြင့်မားတဲ့ နိုင်ငံသားတွေဖြစ်ဖို့ နိုင်ငံတော်မှာတာဝန်ရှိပါတယ်။

ပညာရေးစနစ်ကို နိုင်ငံသားတိုင်း အလယ်တန်းပညာအဆင့် အနိမ့်ဆုံးသင်ကြားတတ်မြောက်နိုင်စေဖို့နဲ့ အတွေးအခေါ်ဆင်ခြင်တုံတရားကို အားပေးတဲ့ပညာရေးစနစ်ဖြစ်ထွန်းလာစေဖို့ ကြိုးပမ်းသွားပါ့မယ်။ ၂၀၂၅ ခုနှစ် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ပျမ်းမျှတွက်ချက်မှုတွေအရ ကမ္ဘာ့လုံးဆိုင်ရာမွေးဖွားချိန်မှစ၍ ပျမ်းမျှသက်တမ်း ( Life Expectancy at Birth ) မှာ ၇၃ ဒသမ ၅ နှစ်ဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ပျမ်းမျှသက်တမ်းကတော့ ၆၇ ဒသမ ၃ နှစ်ပဲရှိတဲ့ ၂၀၁ နိုင်ငံဖော်ပြတဲ့အထဲမှာ အဆင့် ၁၆၃ ကိုရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အစားအသောက်ဆေးဝါးသောက်သုံးရေးအစရှိတဲ့ ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် အန္တရာယ်မကင်းတဲ့ ဓာတုဆေးဝါးတွေ ဆိုးဆေးတွေသုံးစွဲနေမှုတို့ကို တင်းတင်းကျပ်ကျပ်စိစစ်ထိန်းချုပ်သွားပါမယ်။ နေ့စဉ်ရှင်သန်နေရတဲ့ လေကောင်းလေသန့်ရရှိနိုင်ဖို့အတွက်လည်း လေထုညစ်ညမ်းမှုလျှော့ချရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေကိုအခြေခံပြီး အမျိုးသားယဉ်ကျေးမှုအခြေခံတွေကို လေးစားတန်ဖိုးထားတဲ့ နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်တဲ့ နေရာမှာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ ကမ္ဘာ့နိုင်ငံများနဲ့ ငြိမ်းချမ်းစွာ အကျိုးတူပူးပေါင်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျာ......**

ကျွန်တော်တို့ ပြည်သူ့ပါတီဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးအတွက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေကို အခြေခံတဲ့ နိုင်ငံတော်သစ်တည်ဆောက်နိုင်ဖို့ ခိုင်မာစွာ ကြိုးပမ်းရပ်တည်နေတဲ့ ပါတီဖြစ်ပါတယ်။ အခုလို သာမန်မဟုတ်တဲ့အခြေအနေမျိုးမှာ ကျင်းပမယ့်ရွေးကောက်ပွဲဟာ သာမန်ရွေးကောက်ပွဲတွေထက် အရေးကြီးပါတယ်။ လက်ရှိပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ စားဝတ်နေရေးပြဿနာတွေကို သက်သာပြေလည်နိုင်စေဖို့ လာမယ့် ၅ နှစ်တာကာလအတွက် နိုင်ငံတော်ကိုရွေးချယ်ကြရမှာဖြစ်ပါတယ်။ ပြည်သူအားလုံးကိုယ်စားပြောရေးဆိုခွင့်ရရှိဖို့ ပြည်သူတွေရဲ့ဆန္ဒမဲနဲ့ပြည်သူတွေကိုအခြေပြုတဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် အဝါရောင်နောက်ခံနဲ့ ပြည်သူ့ပါတီကို

**စာမျက်နှာ ၈ သို့➤**

➤ **စာမျက်နှာ ၇ မှအဆက်**

မဲပေးထောက်ခံကြဖို့ လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား.......

ပြည်သူ့ပါတီရဲ့အမှတ်အသားတံဆိပ်ကတော့အဝါရောင်နောက်ခံနဲ့ အလယ်က အနီရောင်အကန့်ပေါ်မှာ မီးရှူးတိုင်ကိုင်ဆောင်ထားတဲ့ပုံ ဖြစ်ပါတယ်။

"အမှောင်တိုက်ကိုဖြိုခွင်း အလင်းခေတ်ကိုရောက်ဖို့ အဝါရောင် ပြည်သူ့ပါတီကို မဲပေးစို့"

ပြည်သူအားလုံးနှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ။

**အလင်းခေတ်သို့ဦးတည် ပြည်သူ့ပါတီ**

("မဲပေးကြမည်ပြည်သူ့ပါတီ")
Cho:(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse 1 : စပါးရွှေဝါ တောင်လိုပုံရမည်။
အမိနိုင်ငံသာယာငြိမ်းချမ်းမည်။
(နိုင်ငံရောင်ဝါ ပြန်ထိန်လင်းရမည်။)
ရွှေဝါရောင်အိပ်မက်သို့ဦးတည်။
အဝါ အဝါ အဝါ လာပါပြီ။
Cho:(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse2: စိုးရိမ်သလားပြောလိုက်စမ်းပါ။
နားမလည်ဘူးလားပြောလိုက်စမ်းပါ။
ဆင်းရဲနွမ်းပါးလားပြောလိုက်စမ်းပါ။
အိပ်မက်တွေပျောက်နေသလား ပြောလိုက်စမ်းပါ။
အားလုံးကိုယ်စားပြောပေးမယ့်သူ
အဝါ အဝါ အဝါ လာပါပြီ။
Cho:(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse3: တရားမျှတခြင်း
လွတ်လပ်ခြင်းတွေ တန်းတူညီမျှခြင်းအတွက်
(မဲပေးကြရမည်)
အဝါ အဝါ အဝါရောင်
အဝါ အဝါ အဝါရောင်လာပြီ။
Verse 4 : မင်းကရော အဝါ သူကရော အဝါ
မင်းကလည်းအဝါ
ငါကလည်းအဝါ
အားလုံးအဝါ
မဲပေးကြပါမည်။
Cho :(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse 2
Cho : (မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse 3
Verse 4
( Cho : )(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
( Cho :) ( မဲပေးကြရမည် ) ၃
(ပြည်သူ့ပါတီ)

# နေ့သင်တန်းများဖွင့်လှစ်ကျောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ်သင်တန်းသို့ ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများ စာရင်းအား ၁၃-၁၁-၂၀၂၅ ရက်နေ့မှစတင်၍ ဝန်ကြီးဌာန၏ Website ဖြစ်သည့် https:// mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ Website ဖြစ်သည့် https://ucmt.edu.mm တို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ်(၂၀၂၅ အောင်)၊ ဒုတိယနှစ်၊ တတိယနှစ်နှင့်စတုတ္ထနှစ်သင်တန်းများ၏ ပထမနှစ်ဝက်နှင့်စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့်မဟာဘွဲ့ သင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ၁၇-၁၁-၂၀၂၅ ရက်နေ့ မှစတင်၍(စနေနှင့်တနင်္ဂနွေနေ့များအပါအဝင်)နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်၊ သတင်းပို့မှုများကို စတင်လက်ခံမည်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ သင်တန်းနှစ်အသီးသီး၏ နေ့သင်တန်း များအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ် ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# နေ့သင်တန်းများဖွင့်လှစ်ကျောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**
**ကြေညာချက်**
**နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကြီးကြပ်မှု အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းနှစ်များ အားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစ၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**လားရှိုး နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ကြီးကြပ်၍ ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၆ ရက်နေ့လယ်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ လားရှိုးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အားကစားပြိုင်ပွဲ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အကအဖွဲ့များက ကပြဖျော်ဖြေသည်။

အဆိုပါ ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၃၀ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၀၄)

| MWD Education, Knowledge & Sports Channel ၁၈-၁၁-၂၀၂၅(အင်္ဂါနေ့) | | |
|---|---|---|
| ၁။ ၀၇:၀၀ - ၀၈:၄၀ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ ၁၅:၃၀ - ၁၆:၅၀ | Grade – 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ ၁၆:၅၀ - ၁၇:၅၀ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ ၁၇:၅၀ - ၁၉:၁၅ | Grade – 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# မြန်မာ့အားကစား မောင်မယ်များ

❖ ပြည်ကျိုးဂုဏ်ရောင်၊ မြှင့်တင်ဆောင်ထား
အားကစားဖြင့်၊ လူမျိုးတင့်စေ
တို့ပြည်အကျိုး၊ ဝေဆာဖြိုးအောင်
ဆပိုးဆောင်ရွက်၊ ဇွဲမာန်ဖက်ကာ
တက်ကြွနိုးကြား လူငယ့်အား။
မြန်မာ့အားကစား မောင်မယ်များ။
❖ သန့်သန့်ရှင်းရှင်း၊ ယှဉ်ပြိုင်ခြင်းဖြင့်
ဂုဏ်သတင်းတွေ၊ ထွန်းလင်းစေကြ
မြန်မာကွဟု၊ အာဂလူမော်
ပွဲတိုင်းကျော်မို့၊ ငါတို့လူမျိုး
ဆပိုးနေ့စဉ်၊ မြဲချစ်ခင်၏။
❖ နိုင်ငံ့အလံ၊ မိုးယံထက်တင့်
ဝဲပျံလွင့်ရေး၊ သူတို့ချွေးနဲ့
မနေးယှဉ်ပြိုင်၊ ပွဲစဉ်ခိုင်ရန်
အနိုင်မခံ၊ အရှုံးမပေး
မမုန်းကြေးစိတ်ဓာတ်၊ မြင့်မြတ်မြင့်မား
ဝင့်ကြွားဝေဆာ၊ ဇွဲထက်သာ၏။
❖ ပြိုင်ပွဲဝင်ချင်း၊ ရိုင်းပင်းချစ်ကြည်
ကူညီဖေးမ၊ တွဲထူမကာ
စာနာမှုပြ၊ ယဉ်ကျေးလှသား
လေးစားစရာ၊ တို့မြန်မာဟု
ကမ္ဘာကိုပြ၊ ဂုဏ်ယူရ၏။
❖ ဪ...
လက်ရုံးလည်းပီ၊ နှလုံးကြည်မြ
စံချိန်လှ၍၊ မြန်မာ့စိတ်ထား
အားကစားစိတ်ဓာတ်၊ မြင့်မြတ်ကြည်ဖြူ
တို့ပြည်သူအား၊ လူငယ်များတွက်
ထက်မြက်ခိုင်မာ၊ ဂုဏ်ယူပါသည်
မြန်မာအားကစား မောင်မယ်များ။
ပြည်သူတွေရဲ့ နှလုံးသား။ ။

**အကျော်ပင်**

**မြဝတီရုပ်မြင်သံကြားအစီအစဉ်** ၁၈-၁၁-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၅။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၆။ ၁၈:၃၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၇။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**

# လူထုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၇

**လူထုပါတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း (ခ) ပါစီပြည်ဟိန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးမျိုးမင်းထွန်း(ခ)ပါစီပြည်ဟိန်း(ဥက္ကဋ္ဌ၊ လူထုပါတီ)**

ကျွန်တော်ကတော့ ဦးမျိုးမင်းထွန်း(ခ)ပါစီပြည်ဟိန်းဖြစ်ပါတယ်။ လူထုပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ လူထုပါတီအနေနဲ့ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရွှေပြည်သာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့လူထုပါတီအနေနဲ့ ပြည်သူလူထုအတွက် တင်ပြပါကိစ္စရပ်တွေကိုဆောင်ရွက်ခွင့်ရချင်ပါတယ်။ နိုင်ငံတော်အတွင်း ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ခွင့်ရချင်ပါတယ်။

ကမ္ဘာ့နိုင်ငံတွေက ကွန်ပျူတာခေတ်၊ Internet ခေတ်တွေကျော်လွန်ပြီး AI ခေတ်ကိုတောင်ရောက်နေပြီ။ စက်ရုပ်တွေ၊ မောင်းသူမဲ့ကားတွေ၊ ဒီဇယ်ခဲတက်ဆီကားတွေကနေ လျှပ်စစ်ကားတွေ၊ အာကာသခရီးသွားလုပ်ငန်းတွေ၊ အာကာသနယ်ပယ်သစ်ချဲ့ထွင်မှုတွေ၊ အင်အားကြီးစစ်လက်နက်တွေ၊ လက်နက်ဆန်းတွေအလုအယက် ဖန်တီးတည်ဆောက်နေကြတာ နေ့စဉ်နှင့်အမျှဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံကြီးတွေ၊ ပတ်ဝန်းကျင်နိုင်ငံတွေရဲ့တိုးတက်မှုတွေကိုကြည့်ရင် နိုင်ငံသားအချင်းချင်းမသင့်မြတ်မှု၊ လက်နက်စွဲကိုင်သူပုန်ထမှုတွေချုပ်ငြိမ်းပြီးမှ ရလာတဲ့ အသီးအပွင့်တွေဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက ငြိမ်းချမ်းပြီးအေးချမ်းသာယာဖို့ အချိန်တန်ပါပြီ။ နှစ်ပေါင်း ၇၀ ကျော်ကြာဖြစ်ပွားနေတဲ့ တိုင်းရင်းသားအချင်းချင်းမသင့်မြတ်မှု အစွန့်ရှည်နေမယ်ဆိုရင် တိုင်းပြည်နဲ့ပြည်သူတို့ရဲ့ဘဝများက ဘယ်တော့မှတိုးတက်မှာမဟုတ်ပါဘူး။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းဆုပ်ထားတဲ့ လက်သီးတွေဖြေလိုက်ကြပါ။ လက်သီးဆုပ်တွေကိုဖြေမယ်ဆိုရင် ရင်ဘတ်ချင်းအပ်ပွင့်လင်းဖို့လိုပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲ တိုင်းပြည်တည်ဆောက်လို့မရပါဘူး။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းမငြိမ်းချမ်းမှုကြောင့် တိုင်းပြည်လည်းနာ၊ ပြည်သူလည်း ဒုက္ခဝေဖြာခဲ့ကြရပါတယ်။ ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ်ဖြစ်တဲ့ NCA သာလျှင် တစ်ခုတည်းသောလမ်းကြောင်းဖြစ်ပါတယ်။ NCA လမ်းကြောင်းကနေ ငြိမ်းချမ်းရေးအသီးအပွင့်တွေ ဖူးထွက်စေချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တစ်မျိုးသားလုံးနီးပါး စာတတ်မြောက်ဖို့လိုပါတယ်။ အများအားဖြင့် ကျောင်းနေလို့ရတဲ့အသက်အရွယ်အားလုံးကျောင်းနေရပါမယ်။ လူငယ်တိုင်း စာတတ်မြောက်ရပါမယ်။ လူငယ်တွေစာတတ်မြောက်ပါမှ ဗဟုသုတရှိမှာပါ။ အမှားအမှန်ကိုဝေဖန်နိုင်မှာဖြစ်ပါတယ်။ လူငယ်တွေပညာဆည်းပူးတဲ့အခါမှာ ပညာမသင်နိုင်လောက်အောင် အတားအဆီးဖြစ်နေတဲ့ အရာတွေထဲမှာ ဒေသအလိုက် မငြိမ်းချမ်းမှု၊ အုပ်ချုပ်ရေးမတည်ငြိမ်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုတွေလည်း ပါဝင်ပါတယ်။ ယနေ့အခြေအနေအရဆိုရင် မငြိမ်းချမ်းမှုကြောင့် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် စာမသင်ရတဲ့လူငယ်တွေအများကြီးဖြစ်ပါတယ်။ လူငယ်တွေ ပညာသင်ယူနိုင်ဖို့ ငြိမ်းချမ်းရေးနှင့်လည်း အဓိကသက်ဆိုင်နေပါတယ်။ ဒုတိယအရေးကြီးတာက လူငယ်တွေပညာသင်ယူနိုင်ဖို့အတွက် စာပေသင်ယူနိုင်မှုအခွင့်အလမ်းတွေ လွယ်ကူရပါမယ်။ မိသားစုတိုင်း စီးပွားရေးပြေလည်အောင် ဆောင်ရွက်ရပါမယ်။ မိသားစုတိုင်း သားသမီးပညာရေးအတွက် ဦးစားပေးလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကျောင်းတွေရဲ့ကြီးမြင့်တဲ့စရိတ်စကတွေလည်း လျှော့ချပေးရပါမယ်။ အစိုးရကျောင်းတွေမှာ လူငယ်အားလုံး ပညာသင်ယူနိုင်အောင် ဆောင်ရွက်ရပါမယ်။ စာသင်ပေးမယ့် ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းတွေ၊ အရည်အသွေးတွေကို မြှင့်တင်ရပါမယ်။ ရပ်ထဲရွာထဲ ကျော်စောမှုရှိတဲ့ ပညာတတ်များ၊ စာရေးဆရာများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို အစိုးရစာသင်ကျောင်းတွေမှာ အချိန်ပိုင်းစာသင်ကြားခြင်းများကို ဆောင်ရွက်ခွင့်ပေးရပါမယ်။ ပုဂ္ဂိုလ်ကိုးကွယ်မှု၊ အလွန်အကျွံလေးစားမှု၊ နိုင်ငံရေးဝါဒတစ်ခုခုကို အလွန်အမင်းယုံကြည်မှု၊ အကြမ်းဖက်လက်နက်စွဲကိုင်မှု၊ နိုင်ငံရေးဝါဒတစ်ခုအပေါ် မှားယွင်းစွာယုံကြည်မှု၊ တိုင်းပြည်ကာကွယ်ရေးအတွက်မဟုတ်ဘဲ လက်နက်ကိုင်သူပုန်ထမှုတွေဟာ အသိသုတ၊ ဗဟုသုတမရှိလို့သာဖြစ်ပါတယ်။ အသိသုတ၊ ဗဟုသုတရှိစေဖို့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ဖို့ လူငယ်တွေငယ်စဉ်ကတည်းက ပညာဆည်းပူးရမှာဖြစ်ပါတယ်။ လူငယ်တွေကို စာသင်ကြားပေးတဲ့နေရာမှာ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ်ကိန်းအောင်းလာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဖော်ပြပါတာဝန်တွေကို ကျွန်တော်တို့လူထုပါတီကဆောင်ရွက်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ဟာ မြေသယံဇာတပေါကြွယ်ဝပြီး လယ်ယာစိုက်ပျိုးရေး ကောင်းမွန်စွာ ပြုလုပ်နိုင်သောနိုင်ငံတော်ကြီးဖြစ်ပါတယ်။ လယ်ယာနှင့်အခြားသီးနှံများစိုက်ပျိုးနိုင်အောင် နိုင်ငံတော်က ကမကထပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းသွားတဲ့ကာလမှာ ပစ္စည်းကိရိယာများရဲ့ဈေးနှုန်းမြင့်မားမှု၊ လောင်စာဆီများ ဈေးနှုန်းမြင့်မားမှုတွေကြီးမားတဲ့စိန်ခေါ်မှုတွေဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်းလုပ်ကိုင်သူတွေကို နိုင်ငံတော်က ကူညီဆောင်ရွက်ရမှာဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်းအတွက်လိုအပ်တဲ့ စက်ယန္တရားတွေ၊ လောင်စာဆီတွေ၊ စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးရမှာဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများကို ပုဂ္ဂလိကများကို လုပ်ကိုင်ခွင့်မပေးဘဲ နိုင်ငံတော်အစိုးရကသာလျှင် ထိန်းချုပ်ပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံးစက်ယန္တရားများ၊ လောင်စာဆီများ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ မျိုးစေ့များ၊ အခြားအထောက်အကူပြုပစ္စည်းတွေဟာ ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့လက်ဝါးကြီးအုပ်မှုများ၊ ဈေးကစားမှုများကြောင့် လယ်သမားများအခက်ကြုံတွေ့နေရပါတယ်။ လယ်သမားများ လယ်ယာမြေမစိုက်ပျိုးနိုင်ရင် နိုင်ငံတော်ရှိ ပြည်သူများအတွက် စားနပ်ရိက္ခာအကျပ်အတည်းနှင့် ရင်ဆိုင်ရပါလိမ့်မယ်။ လယ်ယာလုပ်ငန်းရှင်များနှင့်ပတ်သက်၍ အစိုးရမှ ပြန်လည်ကိုင်တွယ်သင့်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ရဲ့လူဦးရေများပြားလာမှု၊ မြို့ရွာများချဲ့ထွင်လာမှုတွေဟာလည်း လယ်ယာမြေဆုံးရှုံးမှုတွေကို ဖြစ်ပေါ်လာစေပါတယ်။ မတော်လောဘဖြင့် စီးပွားရေး လုပ်ကိုင်သူများက လယ်ယာမြေများကို ဥပဒေမဲ့အကွက်ရိုက်ရောင်းချမှုများ၊ အခြားနည်းအသုံးပြုခွင့်မရှိဘဲ လယ်ယာမြေကိုဖျက်သိမ်း၍ အခြားလုပ်ငန်းဆောင်ရွက်မှုများကြောင့် လယ်ယာမြေများဆုံးရှုံးမှုကို ဖြစ်ပေါ်



စေပါတယ်။ အစိုးရမှ ဥပဒေများ ထုတ်ပြန်အရေးယူဆောင်ရွက်လျက်ရှိသော်လည်း အချို့သောမတော်လောဘစီးပွားရေးသမားများက လိုက်နာမှုမရှိသည်ကိုတွေ့ရပါတယ်။ ပြင်းထန်ထိရောက်သောဥပဒေများရေးဆွဲ၍ လယ်ယာမြေများဆုံးရှုံးခြင်းကို ကာကွယ်သင့်ပါတယ်။ လယ်ယာမြေများအတွက် လူထုပါတီက ဆောင်ရွက်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

ယနေ့လူငယ်တွေက နိုင်ငံတော်အတွင်းမှာမနေဘဲ အချို့သောနိုင်ငံတွေကို တရားမဝင်သွားရောက်နေတာကလည်း ကြီးမားတဲ့ပြဿနာတစ်ခုဖြစ်ပါတယ်။ လူငယ်တွေ ပြည်တွင်းမှာနေဖို့အတွက် လုပ်သာကိုင်သာရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမှာဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနိုင်ငံဖြစ်တဲ့အတွက် အလွယ်တကူစိုက်ပျိုးနိုင်အောင် မွေးမြူနိုင်အောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ကျွန်တော်တို့ပါတီက သဘောကျအကြိုက်ဆုံးအရာတစ်ခုရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်းတွေမှာ စိုက်ပျိုးမွေးမြူရေးကျောင်းတွေ တွဲဖွင့်ပေးတာပဲဖြစ်ပါတယ်။ အမြော်အမြင်ကြီးသောလုပ်ရပ်ဖြစ်ပါကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။ အရင်စနစ်က ပညာသင်နေတဲ့လူငယ်တွေဟာ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းမအောင်တော့ရင် ဘာလုပ်ရမှန်းမသိဖြစ်နေတတ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးကျောင်းတွေတွဲ၍ ဖွင့်ပေးထားခြင်းအားဖြင့် ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းအဆင့်မြင့်တန်းတွေ မဆည်းပူးနိုင်ရင်တောင်မှ စိုက်ပျိုးမွေးမြူရေးကို နားလည်ပြီး ၎င်းတို့တစ်ဦးချင်းရဲ့စားဝတ်နေရေး၊ မိသားစုစားဝတ်နေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုလူတန်းစားတစ်ရပ်ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ကျေးရွာတွေ/မြို့တွေမှာရှိတဲ့ လူငယ်တွေဟာ နိုင်ငံရပ်ခြားသွားစရာမလိုပါဘဲ မိမိတို့နိုင်ငံမှာပဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မွေးမြူရေးဇုန်၊ စိုက်ပျိုးရေးဇုန်များ မြို့နယ်တိုင်းမှာ ထူထောင်ပေးဖို့လိုအပ်ပါတယ်။ ယင်းဇုန်များထူထောင်ရာတွင်လည်း စီးပွားရေးသမားများ လက်ဝါးကြီးအုပ်မှုမရှိစေရန် စနစ်တကျထိန်းကျောင်းပေးရပါမယ်။ ဖော်ပြပါတာဝန်များကို ကျွန်တော်တို့လူထုပါတီက ထမ်းဆောင်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိဂုံးချုပ်အနေနဲ့ပြောရရင် ကျွန်တော်တို့လူထုပါတီကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မဲရုံကိုသွားပြီး မိမိကြိုက်ရာပါတီ၊ မိမိကြိုက်ရာကိုယ်စားလှယ်လောင်းကို မဲပေးလိုက်ပါ။ သင့်မဲတစ်ပြားဖြင့် တိုင်းပြည်တည်ဆောက်ပါ။ သင့်မဲဖြင့်အမိနိုင်ငံတော်ကို ချစ်မြတ်နိုးကြောင်းပြသလိုက်ပါ။ သင့်မဲဖြင့် ပြည်ထောင်စုရဲ့အချုပ်အခြာအာဏာကိုကာကွယ်ပါ။ သင့်မဲဖြင့် နိုင်ငံတော်သာယာဝပြောအောင် လုပ်ပါ။ သင့်ကြောင့်ရရှိပြီး လွတ်လပ်ရေးကို မဆုံးရှုံးပါစေနှင့်။ သင့်ကြောင့် နိုင်ငံတော်ကြီးကမ္ဘာ့အလယ်မှာ အစွန့်ရှည်တည်တံ့ပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များရရှိခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြု



နေပြည်တော် နိုဝင်ဘာ ၁၇

စက်မှုဝန်ကြီးဌာနမှ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့်ဝန်ထမ်းများအား ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများတက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီလက်ထက်တွင် နိုင်ငံတော်မှချီးမြှင့်အပ်နှင်းသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်း ၃၆ ဦးရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် စီမံထူးချွန်တံဆိပ် (တတိယအဆင့်) ၁၂ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယအဆင့်) ငါးဦး၊ ဝန်ဆောင်စီးပွားထူးချွန်တံဆိပ်(တတိယအဆင့်)တစ်ဦး စုစုပေါင်း ဝန်ထမ်း ၁၈ ဦးရရှိခဲ့ကြောင်း၊ ရရှိခဲ့သည့် ဝန်ထမ်းများသည် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင်ထူးကဲစွာစွမ်းဆောင်ခဲ့သူများ၊ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများ၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ သံမဏိစက်ရုံစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများဖြစ်ကြောင်း၊ ဦးစီးဌာန/ လုပ်ငန်းများအနေဖြင့် ဝန်ထမ်းများအား ဂုဏ်ထူးဆောင်တံဆိပ်များ ထပ်မံချီးမြှင့်နိုင်ရေးအတွက် သေချာစွာစိစစ်ပြီး တင်ပြပေးကြရန်နှင့် မိမိတို့ဝန်ကြီးဌာနနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသည့် ပြင်ပအဖွဲ့အစည်းများမှ ပညာရှင်များ၊ လျှင်ကာလတွင်လာရောက်ကူညီဆောင်ရွက်ပေးခဲ့သည့် ပညာရှင်များကိုလည်း ထောက်ခံတင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် ဝန်ထမ်းတစ်ဦးချင်းစီကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တက္ကသိုလ်ဝင်တန်းပြီးမြောက်သူများအား စက်မှုသင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားနိုင်ရေးနှင့် ITC ပညာရေးနှင့် လေ့ကျင့်ရေးမြှင့်တင်မှုအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများအနေဖြင့် Grade 12 သင်ယူပြီးမြောက်သူများအတွက် စက်မှုကျွမ်းကျင် ၁ နှစ်၊ ၂ နှစ်သင်တန်းများ၊ Grade 9 သင်ယူပြီးမြောက်သူများအတွက်ကျွမ်းကျင်မှုအခြေပြုကာလတို (၃) လ သင်တန်းများ၊ Grade 5 ပြီးမြောက်သူများအတွက် စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများမှ သင်တန်းဆင်းကျောင်းသား၊ကျောင်းသူများကိုတစ်ဆင့်မြင့်သင်တန်းများတက်ရောက်ပြီး ပညာဆက်လက်သင်ယူခွင့်ရရှိနိုင်ရေး ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ရေရှည်မဟာဗျူဟာအစီအမံကို စနစ်တကျအကောင်အထည်ဖော်ခြင်းဖြင့် “ITC ပညာရေးနှင့် လေ့ကျင့်ရေးမြှင့်တင်မှုဆိုင်ရာ” စီမံချက်များကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများကို ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အများစုတည်ရှိသည့်နေရာများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ITC ပညာရေးနှင့် လေ့ကျင့်ရေးမြှင့်တင်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျောင်းအုပ်ကြီးများက စက်မှုသင်တန်းကျောင်းများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြိတ်မြို့တွင် မဲဆန္ဒနယ်ပြင်ပ သွားရောက်ကျောင်းတက်ကြမည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေး

မြိတ် နိုဝင်ဘာ ၁၇


တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းနေထိုင်ကြပြီး မဲဆန္ဒနယ်ပြင်ပသို့ သွားရောက် ကျောင်းတက်ကြမည့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်စုပေါင်းရုံးခန်းမ၌ ကြိုတင်ဆန္ဒမဲပေးကြသည်။

“မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေနဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်းအသီးသီးကို သွားရောက်ပညာဆည်းပူးကြမယ့်ကျောင်းသားတွေ ကြိုတင်မဲပေးနိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းကစတင်ပြီး ဆောင်ရွက်ပေးပါတယ်။ သက်ဆိုင်ရာပါတီကိုယ်စားလှယ်တွေကိုလည်း ဖိတ်ပြီး ကြိုတင်မဲပေးခြင်းဆောင်ရွက်တာ ဖြစ်ပါတယ်၊ တက္ကသိုလ်ကျောင်းသား၊ကျောင်းသူတွေ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြောသည်။

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးရာတွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းဝင်ခွင့်အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲလက်မှတ်များ ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုခန်းတွင် မိမိကြိုက်နှစ်သက်သည့်ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုမဲပေးကြသည်။ထိုသို့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနေမှုကို မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ဒီဇင်ဘာလ ၂၈ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက်သက်ဆိုင်ရာကျောင်းများသို့မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့်ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားသည်။

**ခိုင်ထူး ( ပြန်/ဆက် )**



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နှိုးဆော်မှုများရိုက်ကူးရေးတွင် သဘင်အနုပညာရှင်များပါဝင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး အသိပညာပေး နှိုးဆော်မှုများ ရိုက်ကူးရေးဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ သဘင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်မှုတွင် သဘင်အနုပညာရှင်များဖြစ်ကြသည့် ဦးနန်းဝင်း၊ အောင်သွေးသစ်၊ ထက်မြက်၊ ဇော်ကြီး(မအူပင်)၊ ရန်ရှင်း၊ ပန်းအိစံ၊ ပန်းကဗျာ၊ ရွှန်းလဲ့အိမ်၊ ငွေနန်းစံ၊ ပိုးပိုးအိမ်၊ သင်းသံသာတို့က ရွေးကောက်ပွဲဆိုင်ရာ ပြည်သူအသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဆန္ဒအလျောက်ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်နိုင်ရန်အတွက် ပြည်သူချစ်သော သဘင်အနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းသိရသည်။

မြဝတီ



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၇

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့်ရှိနိုင်သည်။**(မိုး/ဇလ)**

# ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိများ အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

(၁၃)ကြိမ်မြောက်အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (13th ASEAN Law Ministers Meeting-ALAWMM)ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နိုဝင်ဘာလ ၁၃ ရက်မှ ၁၅ ရက်ထိ ကျင်းပခဲ့ပြီး အာဆီယံအဆင့်မြင့်ဥပဒေအရာရှိများ အစည်းအဝေး (24th ASEAN Senior Law Officials Meeting-ASLO)ကို နိုဝင်ဘာလ ၁၀ ရက်မှ ၁၂ ရက်ထိကျင်းပခဲ့သည်။




(၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများအစည်းအဝေး(13th ASEAN Law Ministers Meeting-ALAWMM) ကို နိုဝင်ဘာလ ၁၃ ရက်မှ ၁၅ ရက်ထိ ကျင်းပခဲ့ရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံသမ္မတ H.E Mr Ferdinand Romualdez Marcos Jr. က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရားရေး/ဥပဒေရေးရာဝန်ကြီးများ၊ ရှေ့နေချုပ်များ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်ဥပဒေအရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အာဆီယံဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရန် အရေးပါသော လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ နည်းပညာခေတ်တွင်အကြမ်းဖက်မှုများ၊ အဂတိလိုက်စားမှုများ၊ ငွေကြေးခဝါချမှုများနှင့် ပိုင်ဆိုင်မှုများအား ခိုးယူသောအမှုများကို နည်းပညာအသုံးပြု၍ အုပ်စုဖွဲ့ကျူးလွန်လျက်ရှိကြောင်း၊ အဆိုပါ ပြစ်မှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သဖြင့် နိုင်ငံတကာအဆင့်သာမကဘဲ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာသဖြင့် အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်သင့်ကြောင်း ဥပဒေရေးရာကိစ္စရပ်များကို အပြန်အလှန် အကူအညီပေးရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်တစ်ရပ် တည်ထောင်ခြင်းသည် အကြမ်းဖက်မှုများ၊ အဂတိလိုက်စားမှုများ၊ ငွေကြေးခဝါချမှုနှင့် ပိုင်ဆိုင်မှုများ၊ ခိုးယူမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် အဓိကကျကြောင်း၊

မြန်မာနိုင်ငံသည် အထူးသဖြင့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ အွန်လိုင်းလိမ်လည်မှုများနှင့် နိုင်ငံဖြတ်ကျော်ကျူးလွန်သော ငွေကြေးလိမ်လည်မှုဆိုင်ရာ ရာဇဝတ်မှုခင်းများအား ကိုင်တွယ်ဖြေရှင်းခဲ့ရာ ကျူးလွန်သောသူများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေး စာချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် ချုပ်ဆိုခဲ့သည့်အပြင် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ ဘင်းစတက်ကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း၊

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်အား မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများက ရှေ့နေချုပ်များလက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါ အာဆီယံရှေ့နေချုပ်များ အစည်းအဝေး တည်ထောင်ခြင်းအားဖြင့် တရားစွဲနှင့်အမှုလိုက်ဆိုင်ရာ လုပ်ငန်းများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများအား ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် နိုင်ငံဖြတ်ကျော်ဥပဒေရေးရာ ဝန်ဆောင်မှုနှင့် ဥပဒေရေးရာကိစ္စရပ်များကို အပြန်အလှန် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို နည်းပညာနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပထမအကြိမ် အာဆီယံ-ဂျပန် တရားရေး/ဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံ-ဂျပန် တရားရေး/ဥပဒေရေးရာဝန်ကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံ-ဂျပန်ဥပဒေရေးရာ ကိစ္စရပ်များအား ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဆောင်ရွက်မည့် ဥပဒေရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံ ဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (12th ASEAN Law Ministers Meeting-ALAWMM)နှင့် (၂၂)ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး (22nd ASEAN Senior Law Officials Meeting-ASLOM)၌ အတည်ပြုခဲ့သဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၁၃)ကြိမ်မြောက်အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးမတိုင်မီ ဆက်စပ်အစည်းအဝေးဖြစ်သော (၂၄)ကြိမ်မြောက် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိကြီးများ အစည်းအဝေး(24th ASEAN Senior Law Officials Meeting-ASLOM)ကို နိုဝင်ဘာလ ၁၀ ရက်မှ ၁၂ ရက်ထိ ကျင်းပခဲ့ရာ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားမနှင့်ကုန်သွယ်ရေးတို့တွင် ဥပဒေဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးကိစ္စ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင်ဥပဒေရေးရာအပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် စပ်လျဉ်းသည့်ကိစ္စ၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဥပဒေနှင့်တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် နိုဝင်ဘာလ ၁၁ ရက်တွင် ကျင်းပခဲ့သည့် ကုန်သွယ်ရေးဥပဒေ လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့က တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

## မြန်မာ့တူရိယာများ ၂၀၀ကျပ်တန် (၆)လုံးပါ Block of Stamp အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်(၁) မျိုး ရောင်းချပေးမည်




နေပြည်တော် နိုဝင်ဘာ ၁၇

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာ့တူရိယာ တစ်မျိုးချင်းအလိုက် ထုတ်ဝေခဲ့ပြီးသောတံဆိပ်ခေါင်းများကို တံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ **မြန်မာ့တူရိယာများ ၂၀၀ ကျပ်တန် (၆) လုံးပါ Block of Stamp အထူးထုတ်**စာပို့တံဆိပ်ခေါင်းသစ်(၁) မျိုးအား **၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက် (ကြာသပတေးနေ့) နံနက်(၉)နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“တိုင်းပြည်လည်းနာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ”** ခေါင်းစဉ်ဖြင့် ၁၉-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၆-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သောရွေးကောက်ပွဲပေါ်ပေါက်ရေး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့်ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့်အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ပထမဆုဆွတ်ခူးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားရုံ (A)ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့်ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို ၁၁ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းနေရာလိုက် အကောင်းဆုံးဆုများဖြစ်သည့် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများ၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာလ ၅ ရက်မှ ယနေ့အထိ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# ကျိုင်းတုံမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲ ပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ခင်းကျင်းပြသထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးစာအုပ်စာစောင်များကို ကြည့်ရှုစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဖွင့်လှစ်သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာဝန်ခံတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ခင်းကျင်းပြသထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးစာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါသင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၂၉၄ ဦးဖြင့် နိုဝင်ဘာလ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)

## နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# ခေတ်မီသူတိုင်းဆိုလာတပ်ကြမည်



**ယနေ့**ခေတ်တွင်နိုင်ငံတစ်ခု၏ အနာဂတ်ကို အပြင်းအထန်ပြောင်းလဲပေးနေသည့် စွမ်းအင်မှာ နေစွမ်းအင်ဟုလည်းအများခေါ်ကြသည့် ဆိုလာစွမ်းအင်ပင်ဖြစ်သည်။ ဘေးကင်းသည့်ပတ်ဝန်းကျင်၊ မလျှော့သောစွမ်းအား၊ နေ့စဉ်ရရှိနိုင်သည့်အရင်းအမြစ်စသည့်အချက်များသည် နေရောင်ခြည်မှ အခမဲ့ရရှိနိုင်သည့်အရာများဖြစ်၍ ရေပန်းစားလာနေခြင်းလည်းဖြစ်ကြသည်။ ယခုအခါ **"ခေတ်မီသူတိုင်းဆိုလာတပ်ကြသည်"** ဟု ပြောရမလောက်ပင် ဆိုလာ(နေ)စွမ်းအင်ကို အပြိုင်အဆိုင် တပ်ဆင်အသုံးပြုလျက်ရှိနေကြပြီဖြစ်သည်။ ဆိုလာများကိုတပ်ဆင်ခြင်းအားဖြင့် လျှပ်စစ်မီတာခတန်ဖိုးသက်သာမည်၊ မီးပျက်သည့်အခါ အသုံးပြုနိုင်မည်၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည်၊ အနာဂတ်အတွက် အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်မည်စသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်စေမည်လည်းဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင်ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် အတူတကွဖန်တီးနိုင်ကြရန် စွမ်းအင်လည်းရ ပတ်ဝန်းကျင်လည်းသန့်ရှင်းစေသည့်ဆိုလာဟုခေါ်သည့် နေစွမ်းအင်စနစ်ကိုသာ အမြန်တပ်ဆင်အသုံးပြုသွားကြရန် အကြံပြုတိုက်တွန်းလိုသဖြင့် ရေးသားတင်ပြလိုက်ရခြင်းဖြစ်သည်။

ကမ္ဘာမြေပေါ်တွင် နေရောင်ခြည်မှရသောစွမ်းအင်၏ စုစုပေါင်းပမာဏသည် ပေါကြွယ်လွန်းသည်ဟုဆိုရသော်လည်း တိမ်များ၏နှောင့်ယှက်မှုကြောင့်ရရှိသောအပူရှိန်သည် နိမ့်သောအပူချိန်အဆင့်တွင်သာရှိသည်။ ဤသို့ဖြစ်ရသည်မှာလည်း နေ့စဉ်နှင့်ရာသီများအလိုက် ကမ္ဘာမြေကြီးကနေကိုလှည့်ပတ်သည့် လမ်းကြောင်းထပ်တလဲလဲ ဖြစ်ပေါ်မှုနှင့် သံသရာလည်မှုကြောင့်လည်းဖြစ်နိုင်သည်။ နေရောင်ခြည်စွမ်းအင်သည် အရေးပါသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သည်။ နေရောင်ခြည်မှစွမ်းအင်ကိုမည်သို့ရယူပြီး ဖြန့်ဝေသည် သို့မဟုတ် စွမ်းအားအဖြစ်သို့ မည်သို့ပြောင်းလဲသည် အပေါ်မူတည်ပြီး ဆိုလာနည်းပညာကို အဓိကအားဖြင့် Passive Solar or Active Solar ဟုနှစ်မျိုးခွဲခြားသတ်မှတ်နိုင်သည်။ Active Solar နည်းပညာတွင် စွမ်းအင်ကိုထုတ်ယူအသုံးချရန်အတွက် Photovoltaic Systems, Concentrated Solar Power နှင့် Solar Water Heating တို့ကို အသုံးပြုကြသည်။ Passive Solar နည်းပညာတွင် အဆောက်အအုံအား နေရောင်ခြည်ကျရောက်သည့်ဘက်နှင့် ချိန်ညှိတည်ဆောက်ခြင်း၊ Thermal Mass or Light-dispersing Properties ဂုဏ်သတ္တိရှိသောပစ္စည်းများအား ရွေးချယ်အသုံးပြုခြင်း၊ အခန်းအတွင်းလေကိုသဘာဝအလျောက်လှည့်ပတ်စေရန် ဒီဇိုင်းပြုလုပ်ခြင်းများပါဝင်သည်။ နေရောင်ခြည်စွမ်းအင်အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကိုလျှော့ချသည့်ကုန်ကျစရိတ်များမှ သက်သာစေခြင်းနှင့် ရုပ်ကြွင်းလောင်စာဈေးနှုန်းအား လျှော့ချခြင်းများကိုရရှိစေသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံရမှုတန်ဖိုးများသည်ဟု ထင်ရသော်လည်း ကျယ်ပြန့်သောအကျိုးတရားများရရှိနိုင်သည့်အတွက် ဆိုလာစွမ်းအင်ကိုကျယ်ပြန့်စွာအသုံးပြုနိုင်ရေးကိုအားပေးဆောင်ရွက်သင့်ကြသည်။

နေရောင်ခြည်စွမ်းအင်အား လက်ရှိအသုံးပြုနေကြသော ဥပမာအချို့မှာအောက်ပါအတိုင်းဖြစ်သည်-

**(၁) လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် Photovoltaic Panels တပ်ဆင်မှုများ**

အဆိုပါပစ္စည်းများကိုအိမ်များ၊ တောင်နံရံများ၊ အမိုးအကာများစသည်တို့တွင် တပ်ဆင်အသုံးပြုကြသည်။

**(၂) Photovoltaic စက်ရုံများ**

အဆိုပါစက်ရုံများသည် လျှပ်စစ်ကွန်ရက်ကို ထောက်ပံ့ပေးရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ရည်ရွယ်ထားသော Photovoltaic Panel များ၏ ကြီးမားသော Extension များဖြစ်သည်။

**(၃) ဆိုလာကားများ**

ဆိုလာကားများသည် လျှပ်စစ်မော်တာအား မောင်းနှင်ရန်အတွက် နေရောင်ခြည်မှ ရောင်ခြည်ကို လျှပ်စစ်အဖြစ်သို့ ပြောင်းလဲပေးသည်။

**(၄)ဆိုလာမီးဖိုများ**

အာရုံစူးစိုက်မှုစနစ်များရှိပါက ဓာတ်ရောင်ခြည်သည် တစ်ကြိမ်လျှင် အပူချိန်မြင့်ကာ ချက်ပြုတ်နိုင်မည်ဖြစ်သည်။

**(၅)အပူပေးစနစ်များ**

နေရောင်ခြည်အပူစွမ်းအင်ဖြင့် အပူပတ်လမ်းကြောင်းတွင် အသုံးပြုနိုင်သော အရည်တစ်မျိုးကို အပူပေးနိုင်သည်။

**(၆)ရေကန်အပူ**

ရေကန်များအတွင်း ရေအားသဘာဝအလျောက် အပူဓာတ်ရရှိစေရန် ဆောင်ရွက်ခြင်းမျိုးဖြစ်သည်။ အေးသောနေရာဒေသများတွင်အသုံးပြုကြသည်။

ဆိုလာစွမ်းအင်သုံးခြင်း၏အကျိုးတရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆိုလာစွမ်းအင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက်အကျိုးပြုသည်။ ဆိုလာစွမ်းအင်နှင့်ပတ်သက်ပြီးလူသိအများဆုံးအချက်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သန့်ရှင်းသောစွမ်းအင်အရင်းအမြစ်ဖြစ်ခြင်းပင်ဖြစ်သည်။ ကာဗွန်ဓာတ်ငွေ့လျှော့ချနိုင်စေရန် ဆိုလာစွမ်းအင်သည် အကျိုးအရှိဆုံးစွမ်းအင်အရင်းအမြစ်လည်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေမှုမရှိသည့်အပြင် ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုလည်းမရှိပါ။ ဆိုလာစွမ်းအင်သည် ဘေးကင်းလုံခြုံမှုရှိပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စွမ်းအင်အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ ဆိုလာစွမ်းအင်သည်ကိုယ်တိုင်ဖူလုံသည့် စွမ်းအင်ဖြစ်ပြီး ဆိုလာပြားများကို ခေါင်မိုးပေါ်တွင် တပ်ဆင်အသုံးပြုရသည်မှာလည်း လွယ်ကူဘေးကင်းရုံမျှမက အနာဂတ်စွမ်းအင်ပြတ်လပ်မှုပြဿနာအတွက်လည်း ဖြေရှင်းပြီးသားဖြစ်စေသည်။ ဆိုလာစွမ်းအင်ကို အိမ်တွင်တပ်ဆင်အသုံးပြုပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဘယ်လောက်အလေးထားတယ်ဆိုသည်ကိုလည်းပြသနိုင်သည်။

နေအိမ်ကိုအများသုံးလျှပ်စစ်ဖြန့်ဝေရေးစနစ်မလိုသည့်အိမ်အဖြစ်လည်း ဖန်တီးပေးနိုင်သည်။ လက်ရှိအသုံးပြုနေကြသည့်သမားရိုးကျလျှပ်စစ်ဖြန့်ဝေရေးစနစ်သည် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့များကို အများကြီးအမှီသဟဲပြုနေရခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းစေသည့်အပြင် သယံဇာတအရင်းအမြစ်ကလည်း ကန့်သတ်ချက်ရှိခြင်းကြောင့် ရေရှည်သုံးစွဲရန်မသင့်လျော်ပါ။ အဆိုပါအချက်ကြောင့် ဈေးကွက်ကို မတည်ငြိမ်စေဘဲ ယနေ့ခေတ်တွင်စွမ်းအင်စရိတ်စကများလည်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ဆိုလာလျှပ်စစ်ကိုအသုံးပြုခြင်းကြောင့် စရိတ်စကများသည့်သမားရိုးကျလျှပ်စစ်သုံးစွဲမှုပုံစံကို လျစ်လျူရှုနိုင်စေသည်။ ဆိုလာစွမ်းအင်စနစ်များကို အကုန်အကျခံရင်းနှီးလိုက်ခြင်းအားဖြင့် ခန့်မှန်းထား၍မရနိုင်သည့်မီတာခမြင့်တက်မှုအခြေအနေမှ အလွယ်တကူရှောင်လွှဲနိုင်ပြီး တစ်နေ့တာလုံး လျှပ်စစ်သုံးစွဲမှုအတွက် အသုံးစရိတ်သက်သာစေမည်ဖြစ်သည်။ နေကသူ၏စွမ်းအင်စရိတ်ကိုပိုတောင်းခံမှာမဟုတ်သလို လုံလောက်သောစွမ်းအင်ကိုလည်း မတွက်မကပ်ဘဲ အမြဲပေးစွမ်းနေမည်ဖြစ်သည်။ အိမ်များ၏ခေါင်မိုးပေါ်တွင်ဆိုလာပြားကို တစ်ကြိမ်တပ်ဆင်ထားလိုက်ရုံနှင့် စွမ်းအင်ဖြန့်ဝေပေးသည့် အခြေအနေကိုပူနေစရာမလိုတော့ဘဲ မိမိစိတ်တိုင်းကျမည်သည့်အချိန်မဆို စွမ်းအင်ကိုလွတ်လပ်စွာ သုံးစွဲနိုင်မည်ဖြစ်သည်။

အသုံးပြုမှုနည်းပါးသည့်မြေများတွင် ဆိုလာစွမ်းအင်ကိုရယူနိုင်သည်။ ဆိုလာစွမ်းအင်အား တပ်ဆင်အသုံးပြုရလွယ်ကူလာသည်နှင့်အမျှ ဝယ်လိုအား၊ အသုံးပြုအားလည်း မြင့်တက်လာခဲ့သည်။ မြို့ကြီးပြကြီးနှင့်အလှမ်းဝေးသည့် ကျေးလက်ဒေသများတွင်ဆိုလျှင် အသုံးပြုမှုနည်းပါးသည့် မြေနေရာများအများအပြားရှိပြီး ဆိုလာစွမ်းအင်အတွက် တန်ဖိုးသိပ်မကြီးလှသည့် အဆိုပါမြေနေရာများကိုအကျိုးရှိရှိအသုံးပြုနိုင်မည်လည်းဖြစ်သည်။ ဆိုလာခြံများအကြောင်းကို သိကြကြားဖူးကြမည်ဖြစ်သည်။ မြေနေရာပြင်ကျယ်များတွင် ဆိုလာစွမ်းအင်သိုမှီးနိုင်သည့် ဆိုလာပြားသန်းနှင့်ချီပြီး တပ်ဆင်ထားသည့် ခြံများဖြစ်သည်။ အသုံးပြုမှုနည်းပါးသည့် မြေနေရာများမှာ ဆိုလာခြံတစ်နည်းအားဖြင့် ဆိုလာစွမ်းအင်ထုတ်စက်ရုံများကိုတည်ဆောက်ထားနိုင်သည်။ ဗြိတိန်မှဆိုလာခြံ တစ်ခုမှာဆိုလျှင် ၄၅ ဧကကျယ်ဝန်းသည့်ဆိုလာခြံမှ အိမ်ခြေပေါင်း ၂၅၀၀ ခန့်ကို လုံလောက်သည့် လျှပ်စစ်ထောက်ပံ့မှုပေးနိုင်ခဲ့ပြီဟုသိရှိရသည်။

ဆိုလာစွမ်းအင်သည် လျှပ်စစ်ဓာတ်အားလေလွင့်မှုကိုသက်သာစေသည်။ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများကနေ လူနေအိမ်များကို ဓာတ်အားလိုင်းကွန်ရက်တွေကနေတစ်ဆင့် ဖြန့်ဝေပေးကြသည့်အခါတွင် ဖြန့်ဝေပေးရသည့်နေရာဒေသဝေးကွာသောအခါ ဓာတ်အားလေလွင့်မှုများရှိတတ်ကြသည်။ ဆိုလာပြားများကို နေအိမ်ခေါင်မိုးတွင် တပ်ဆင်ထားပြီး နေကနေစွမ်းအင်ကိုသိုလှောင်ထားနိုင်ခြင်းကြောင့် လျှပ်စစ်ဖြန့်ချိရသည့် အကွာအဝေးနည်းပါးပြီး လျှပ်စစ်ဓာတ်အားလေလွင့်ဆုံးရှုံးမှု သက်သာစေကာ အိမ်အတွက်လုံလောက်သည့် စွမ်းအင်ပမာဏကို ရရှိနိုင်စေမည်ဖြစ်သည်။ ဆိုလာစွမ်းအင်စနစ်များသည်ကြာရှည်အသုံးခံပြီး အသုံးပြုရင်းအနှောင့်အယှက်ဖြစ်သည့် အခြေအနေလည်း နည်းပါးသည်။

ဆိုလာစွမ်းအင်သည် လျှပ်စစ်ဘေးကင်းလုံခြုံရေးအတွက်လည်းကောင်းမွန်စေသည်။ ဆိုလာစွမ်းအင်ကိုပြောင်းလဲပြီး အသုံးပြုကြသည့်အခါ ရုတ်တရက်မီးပြတ်သွားခြင်း၊ မီးအားကျသွားခြင်းမျိုးကို ကြုံတွေ့ရမှုနည်းပါးလာသည်။ ဗြိတိန်ကဆိုလာစွမ်းအင်အသုံးပြုကြသည့် အိမ်တိုင်းနီးပါးလိုလိုတွင် ဓာတ်အားထုတ်စက်ရုံငယ်လေးကဲ့သို့ စွမ်းဆောင်ပေးသည့် Solar Cell များကို တပ်ဆင်ထားကြသည်။ လျှပ်စစ်ဘေးကင်းလုံခြုံရေးအတွက် အထောက်အပံ့ဖြစ်စေပြီး အထူးသဖြင့်သဘာဝဘေးအန္တရာယ်များနှင့်လူများ၏ အမှားကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များအတွက် ဘေးကင်းလုံခြုံစေသည်။

ဆိုလာစွမ်းအင်ကြောင့် အလုပ်အကိုင်များနှင့် စီးပွားရေးတွင် ပိုမိုကြီးပွားတိုးတက်လာစေသည်။ ဆိုလာစွမ်းအင်က နိုင်ငံ၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကူညီပံ့ပိုးပေးနိုင်သည်။ လူများဆိုလာစွမ်းအင်ကို ပိုပြီးသုံးစွဲလာသည့်အခါ ဆိုလာပြားများတပ်ဆင်ပေးနိုင်သည့် ကုမ္ပဏီများပိုပြီးလိုအပ်လာသည်။ ကျွမ်းကျင်ဝန်ထမ်းများအတွက် အလုပ်အကိုင်များပိုမိုများပြားလာစေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။

**ဆိုလာစွမ်းအင်သည် မကုန်ခန်းနိုင်သည့် စွမ်းအင်အရင်းအမြစ်ဖြစ်သည်။ အသုံးပြုနိုင်သည်ထက်နေမှစွမ်းအင်များ ပိုပြီးထုတ်လုပ်ပေးသလို နေရောင်ကလည်းလူတွေခွဲခြားပြီး ပေးစွမ်းမည်မဟုတ်ဘဲလူတိုင်းတန်းတူညီမျှ ရရှိနေနိုင်မည်ဖြစ်သည်။ ဆိုလာစွမ်းအင်ကို စတင်သုံးစွဲသည်နှင့် ကုန်ကျစရိတ်ချွေတာပြီးသားဖြစ်သည်ကို ယနေ့အချိန်တွင်ကိုယ်တိုင်လက်တွေ့သိခွင့်ရကြမည်ဖြစ်ပြီး ကာလရှည်ကြာလာသည်နှင့်အမျှ အကျိုးကျေးဇူးများကိုလည်း ထပ်မံခံစားသိရှိလာကြမည်ဖြစ်သည်။ ဆိုလာစွမ်းအင်ကို အချိန်ကြာကြာသုံးစွဲလာသည့်အခါ ဆိုလာနည်းပညာ၏ အကျိုးကျေးဇူးများကို ပိုမိုခံစားရရှိလာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများကိုသာမက မိမိနေထိုင်ရာပတ်ဝန်းကျင်ကိုလည်း အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်**သည်။

အချုပ်အားဖြင့်ဆိုသော်ဆိုလာဟုခေါ်သောနေစွမ်းအင်သည် ယနေ့ခေတ်တွင် အသုံးပြုသင့်ဆုံးသောစွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်လာနေပြီဖြစ်ပါ၍ မိမိတို့၏လူမှုစီးပွားဘဝများကိုသာမက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ များစွာအထောက်အကူဖြစ်စေသဖြင့် ဆိုလာစွမ်းအင်အား နေအိမ်များတွင် တပ်ဆင်အသုံးပြုသင့်ကြသည့် အချိန်အခါကာလသို့ရောက်ရှိနေပြီဖြစ်ပါ၍ ခေတ်မီသူတိုင်းဆိုလာကို မဖြစ်မနေတပ်ဆင်သင့်ကြပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

**မောင်မောင်စွယ်စုံထွန်း**

# မွန်ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး မှာကြား



နေပြည်တော် နိုဝင်ဘာ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့နံနက်ပိုင်းက မွန်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက မွန်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ဌာနများနှင့် တောင်သူများ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကဏ္ဍအလိုက် လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပြည်နယ်၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက် မျိုးစေ့ဖူလုံမှုရှိစေရေးအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအားလုံး၌ မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံစွာစီမံဆောင်ရွက်ရန်၊ ဒူးရင်းသီးနှင့် မြေနိမ့်ကော်ဖီများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို တောင်သူများနှင့် တွေ့ဆုံ၍ အသိပညာနှင့် နည်းပညာပေး ဆွေးနွေးမှုများပြုလုပ်သွားရန်၊ စိုက်ပျိုးသည့်မှရိတ်သိမ်းသိုလှောင်သည်အထိ သီးနှံများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် နည်းပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ မြေယာအသုံးပြုမှုအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်၊ ဒေသဝမ်းစာဖူလုံရေးနှင့်အတူ လယ်ယာသားငါး ထုတ်ကုန်များအတွက် ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ၊ မိဘ ဆရာများနှင့် တွေ့ဆုံ

စစ်တွေ နိုဝင်ဘာ ၁၇

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်း၌ အမ်ဗွီရဲထွန်းအောင်သင်္ဘောဖြင့် ရန်ကုန်မြို့မှ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုနှင့် အမ်ဗွီ ရွှေလမင်း(၅) သင်္ဘောဖြင့် ရေထွက်ပစ္စည်းများ ရန်ကုန်မြို့သို့တင်ပို့နိုင်ရန် ကုန်တင်ကုန်ချပြုလုပ်နေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ်ပြည်နယ်ဝန်ကြီးချုပ်က ကုန်ပစ္စည်းများ စနစ်တကျအတင်အချပြုလုပ်ရေး၊ ဈေးကွက်အတွင်း အမြန်ဆုံးဖြန့်ဖြူးရောင်းချရေး၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး မှာကြားသည်။

ထို့နောက် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသော ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘဆရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာပြည့်ဝနလုံးလှသည့် နိုင်ငံတော်က အားကိုးအားထားပြုရသော သားကောင်းသမီးကောင်းရတနာများ ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးခြင်း၊ ဖြေဆိုခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသားမိဘများက ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာဖြေဆိုနိုင်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

■ စာမျက်နှာ ၁၅ မှအဆက်

အချိန်မှန်တယ်ပေါ့နော်။ စည်းကမ်းစနစ်တကျနဲ့ ကိုယ်ခန္ဓာကြံ့ခိုင်အောင် သင်ပေးတဲ့အတွက်ကြောင့် အပြင်ကနဲ့တော့ တော်တော်ကွာပါတယ်။ အပြင်မှာတော့ သိပ်ပြီးတော့ စည်းကမ်းစနစ်မကျဘူးပေါ့။ ဒီမှာတော့ အဖွဲ့အစည်းစိတ်ဓာတ်ရှိအောင်သင်ပေးတယ်။ စည်းကမ်းစနစ်တကျနဲ့ သေချာလေးသင်ကြားပေးပါတယ်။ ဒီသင်တန်းပြီးသွားရင်တော့ ကျွန်တော် တာဝန်ကျတဲ့နေရာမှာ နိုင်ငံတော်ရဲ့လုံခြုံရေးကို ကာကွယ်ဖို့အတွက်ကို အစွမ်းကုန်ကြိုးစားသွားပါမယ်။ (၂) နှစ်တာ တာဝန်ထမ်းဆောင်ပြီးသွားရင်တော့ နိုင်ငံတော်က နေပြီးတော့ စစ်မှုထမ်းဖို့ ပြန်လည်ပြီးတော့ လိုအပ်တယ်ဆိုရင်တော့ ပြန်လည်ပြီးတော့ စစ်မှုထမ်းဆောင်ဖို့အတွက်တော့ ဆုံးဖြတ်ထားပါတယ်”ဟုပြောသည်။



“ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။ ပြည်သူ့စစ်မှုထမ်းဆိုတာ လူတိုင်းတက်ရမှာပဲလေ။ ဒီလိုမျိုး တက်ထားခြင်းအားဖြင့် တစ်ပါးနိုင်ငံကနေပြီးတော့ ကိုယ့်ကိုလာပြီးမကျူးကျော်ရဲပါဘူး။ ပညာသင်ကြားပေးမယ့် ဘာသာရပ်တွေကိုတော့ အကောင်းမွန်ဆုံးဖြစ်အောင် ကြိုးစားလေ့ကျင့်သွားမှာပါ။ လူတိုင်း လူတိုင်း စစ်ပညာတတ်ကျွမ်းဖို့ဆိုတာ မလွယ်ဘူးလေ။ အခြားနိုင်ငံတွေကလည်း ဒီလိုပဲ သင်နေကြတာ၊ ကိုယ့်နိုင်ငံမှာလည်း ဒါမျိုးဖြစ်လာတဲ့အတွက် အရမ်းဝမ်းသာပါတယ်”ဟုပြောသည်။

(၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၇၀၀ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | ၄၅၀၅ | ၂၉၅၀ | ၂၆၇၀ | ၂၈၉၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၃၀ | ၂၉၈၅ |
| 95 Ron | ၂၆၆၀ | ၂၇၇၅ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၁၅ | ၂၇၃၀ | ၄၅၆၀ | ၃၀၂၅ | ၂၇၅၀ | ၂၉၇၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၁၀ | ၃၀၆၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၅ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၅ | ၂၆၁၅ | - | ၂၉၀၅ | ၂၆၃၀ | ၃၂၉၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၉၀ | ၂၉၄၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၁၆၅ | ၃၁၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၁၅၅ | ၄၈၃၀ | ၃၄၅၀ | ၃၁၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |
| HSD (10 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၁၆၅ | ၃၁၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၁၅၅ | - | ၃၄၅၀ | ၃၁၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၂၈ | ၂၅၁၀ |
| 95 Ron | ၂၅၀၃ | ၂၅၈၆ |
| HSD (500 ppm) | ၂၃၈၇ | ၂၄၆၄ |
| HSD (50 ppm) | ၂၉၁၃ | ၃၀၀၁ |
| HSD (10 ppm) | ၂၉၁၃ | ၃၀၀၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော်  နိုဝင်ဘာ  ၁၇

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးညီလန်းချို ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)မှ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ဧရာဝတီ? 



အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)မှသင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့်သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

"ကျွန်တော့်ကို နိုင်ငံတော်ကနေပြီးတော့ ဆင့်ခေါ်စာကျတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ချင်လို့ လာရောက်စစ်မှုထမ်းခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒီသင်တန်းမှာတော့

**စာမျက်နှာ ၁၄ သို့ ■**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများထုတ်လုပ်မှုနှင့် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများထုတ်လုပ်မှုနှင့် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းအားကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အကြိမ်(၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်ပုဂ္ဂလိက

# ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် အောင်ပွဲရမြန်မာအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၇

ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်(WBPF)နှင့် Indonesia Body Building and Fitness Federation တို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်း၌ကျင်းပသည့်(၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့်ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

အောင်ပွဲရအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အိုးစည်ဒိုးပတ်ဖြင့် သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

(၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အမျိုးသား ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ရဲထွန်းနောင်က ရွှေတံဆိပ်ဆု၊ အမျိုးသား ၈၀ ကီလိုတန်းပြိုင်ပွဲတွင် ချမ်းမြေ့ထွန်းက ငွေတံဆိပ်ဆုနှင့် Women's Swimsuit Model Physique over 165 cm ပြိုင်ပွဲတွင် ဇူးဇူးသန့်က ငွေတံဆိပ်ဆုကိုလည်းကောင်း၊ Women's Model Physique up to 170 cm ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုနှင့် Women's Model Physique up to 160 cm ပြိုင်ပွဲတွင် နီနီအောင်ကကြေးတံဆိပ်ဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြကြောင်းသိရသည်။

**ဝန်းရံခ**







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**❖ အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ ၂၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျောက်စိမ်းရိုင်းအတွဲ ၅၀၆၄ တွဲ၊ ကျောက်စိမ်းအချောထည်အတွဲ ၂၁ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲ၊ ကျောက်မျက်လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ၊ ပုလဲအတွဲ ၄၈၉ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေများဖြင့် ရောင်းချပေးသွားမည်ဖြစ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။

ကျောက်မျက်ရတနာ အချောထည်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ ၂၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျောက်စိမ်းရိုင်းအတွဲ ၅၀၆၄ တွဲ၊ ကျောက်စိမ်းအချောထည်အတွဲ ၂၁ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲ၊ ကျောက်မျက်လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ၊ ပုလဲအတွဲ ၄၈၉ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)

# ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ခင်းများ စတင်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ တစ်ဧကလျှင် စပါး ၉၅ ဒသမ ၆၈ တင်းနှုန်းခန့်ထွက်ရှိ

ပွင့်ဖြူ နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို ဒေသခံတောင်သူများက ဆောင်းသီးနှံပြန်လည်စိုက်ပျိုးနိုင်ရေး နိုဝင်ဘာလဆန်းပိုင်းက စတင်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာတစ်ဧကလျှင် စပါး ၉၅ ဒသမ ၆၈ တင်းနှုန်းခန့်ထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်ရည်ရွယ်၍ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် ဆာဖိုးသာ၊ ရှောမင်း၊ ရတနာတိုး၊ ပေါ်ဆန်းရင်၊ ချမ်းမြေ့မေ၊ ဆင်းသုခ၊ မနောသုခ၊ ပခန်းရွှေဝါ၊ သီးထပ်ရင်၊ ရှောပဒေသာ စသည့်စပါးမျိုးများကို စီးပွားဖြစ်စိုက်ပျိုးကြပြီး တစ်မြို့နယ်လုံး စပါး ၇၀၀၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့ချိန်ရောက်ရှိလာပြီဖြစ်၍ ဒေသခံတောင်သူများက ဆောင်းသီးနှံအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် နိုဝင်ဘာလဆန်းပိုင်းမှ စတင်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ လက်ရှိတွင် စပါး ၅၆ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် စပါး ၉၅ ဒသမ ၆၈ တင်းနှုန်းခန့်ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ မိုးစပါးစိုက်ခင်းတွေကို ဒေသခံတောင်သူတွေက ဆောင်းသီးနှံပြန်လည်စိုက်ပျိုးနိုင်ဖို့ နိုဝင်ဘာလဆန်းကစပြီး စတင်ရိတ်သိမ်းခြွေလှေ့ခဲ့တာ လက်ရှိမှာ စပါး ၅၆ ဧကအထိ ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို စပါး ၉၅ ဒသမ ၆၈ တင်းနှုန်းခန့်ထွက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing attends opening ceremony of 60th Myanmar Gem Emporium

NAY PYI TAW November 17

The opening ceremony of the 60th Myanmar Gem Emporium was held at the Mani Yadana Jade Hall in Nay Pyi Taw this morning and Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing graced the ceremony.

Also present were member of the commission Prime Minister U Nyo Saw, Secretary of the Commission Joint Executive Chief General Ye Win Oo, members of the commission, union ministers and union-level officials, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, departmental officials, officials from the Myanmar Gems and Jewellery Entrepreneurs Association, invited guest and local and foreign gems entrepreneurs.

First, the Senior General and attendees watched the documentary video depicting Myanmar pearl production and sales, production of jewellery and preparations for the 60th Myanmar Gem Emporium.

Then, the Senior General and attendees inspected jade lots, gems lots and pearl lots displayed in the hall and the Senior General gave necessary instructions on reports of officials.

Afterward, the Senior General and party inspected the sale booths of finished jewellery of private gems entrepreneurs and jade lots displayed outside the hall.

The emporium will continue until 26 November and 5,064 lots of jade, 21 lots of refined jade, 13 lots of raw gems, 147 lots of jewelry and 489 lots of pearls will be on sale to local and foreign gems merchants through open bidding tender system in US dollars, Euros, Yuans, Thai Bahts and other foreign currencies that are accepted by the Central Bank of Myanmar. **100**



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inspects a jade lot at the 60th Myanmar Gems Emporium in Nay Pyi Taw.




Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inspects a private jewellery shop at the 60th Myanmar Gems Emporium in Nay Pyi Taw.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inspects a jade lot at the 60th Myanmar Gems Emporium in Nay Pyi Taw.

# Myaung Township plans to grow more than 19,000 acres of winter sesame



MYAUNG November 17

Local farmers set a plan to grow more than 19,000 acres of winter sesame in Myaung Township of Sagaing Region, according to Sagaing District Agriculture Department.

For the 2025–2026 winter crop season, it is reported that 19,041 acres of winter sesame are planned to be cultivated in Myaung Township, with cultivation scheduled to take place from October to December this year.

Daw Myat Moe Win, Head of the Sagaing District Agriculture Department, said: "This year, we have planned to cultivate over 19,000 acres of winter sesame in Myaung Township during the winter crop season. Efforts will be made to achieve the full target acreage. Sesame cultivation has been increasing year by year, and farmers mainly grow sesame during the winter season rather than the monsoon. As an oil crop, sesame cultivation has been quite successful."

This year, the Myaung Township Agriculture Department will provide technical guidance to sesame farmers to help them expand sesame cultivation, adopt proper and GAP (Good Agricultural Practices) cultivation methods, and use high-yield, quality, and pure seed varieties to ensure better productivity.

Crops cultivated under the GAP system are known to have better quality and fetch higher prices compared to those produced using conventional methods. They also offer the advantage of being marketable not only domestically but also internationally. Consequently, farmers who adopt GAP-based cultivation benefit from greater profitability and improved socio-economic livelihoods.

**SK**

# Farmers to cultivate more than 12,000 acres of wheat in Monywa District



MONYWA November 17

Monywa District Agriculture Department of Sagaing Region stated that local farmers will grow more than 12,000 acres of wheat in the district in coming cold season this year.

For the 2025–2026 winter crop season, a total of 12,921 acres of wheat are planned to be cultivated in Monywa District, with the distribution as follows: Monywa Township – 250 acres, Budalin Township – 453 acres, Ayadaw Township – 18 acres, and ChaungU Township – 12,200 acres.

Daw San San Myint, Head of the Monywa District Agriculture Department, said: "This year, over 12,000 acres of wheat are planned for cultivation in Monywa District during the winter crop season. Efforts will be made to meet the target acreage. We will conduct awareness sessions for farmers regarding wheat cultivation. To increase yields, irrigation and proper fertilization will be carried out, along with weeding. We will also encourage the use of quality, pure seed varieties to boost production."

In Monywa District, efforts are being made to ensure that all winter crops are cultivated to meet the planned acreage, to increase wheat yields and quality, to promote systematic cultivation of high-quality wheat, and to reduce pest risks.

The cost of cultivating one acre of wheat is estimated at around Ks-300,000, and each acre produces about 21 baskets of wheat.

Wheat is cultivated in October, November, and December, and harvested in February, March, and April. In Sagaing Township, white wheat varieties are grown the most.

In addition, respective township agriculture departments in Monywa District are providing training courses for farmers to help increase wheat yields, facilitate access to quality and pure seeds, and supply urea fertilizers at reasonable prices.

**SMK**

# YeU Township finishes cultivation of more than 80,000 acres of rainfed paddy

YEU November 17

According to the statistics of YeU District Agriculture Department, local farmers have planted a total of 81,013 acres of rainfed paddy in YeU Township of Sagaing Region this year.

For the 2025–2026 monsoon crop season, it is reported that YeU Township has planned to cultivate 81,662 acres of rainfed paddy, of which 81,013 acres have already been planted since cultivation began in June this year.

U Zaw Myint Tun, Head of the YeU District Agriculture Department, said: "This year, YeU Township planned to grow 81,662 acres of rainfed paddy during the monsoon crop season. As of today, 81,013 acres have already been cultivated. Efforts are being made to complete the remaining planned acreage. Necessary technologies and quality seeds will be provided for rainfed paddy cultivation, and field activities are being carried out to help farmers plant their crops in time."

During this year's monsoon crop season, the respective township agriculture department and local farmers are working together to ensure systematic cultivation without difficulties.

In YeU Township, agricultural staff members are providing farmers with technical assistance, awareness on pest prevention, and guidance to prevent crop losses, as well as advice on proper post-harvest handling to ensure timely storage of paddy under shelter.

The Agriculture Department and its staff are also conducting field supervision and technical support to ensure successful and high-yielding paddy fields, including the use of quality pure seeds, pest and disease control, weeding and thinning, removal of off-type plants, and systematic application of fertilizers.

**SK**

# Mawlaik Township earmarks cultivation of more than 2,000 acres of vegetables in winter

MAWLAIK November 17

Preparations are being made to grow more than 2,000 acres of vegetables as cold season crops in Mawlaik Township of Sagaing Region in coming winter, according to Mawlaik District Agriculture Department.

During the 2025–2026 winter crop season, a plan has been set to cultivate 2,679 acres of vegetables in Mawlaik Township. Planting will begin in October this year and continue until December, according to reports.

"This year, over 2,000 acres of vegetables are planned for cultivation in Mawlaik Township during the upcoming winter crop season. These include roselle, chilli, spices, potato, cabbage, coriander, eggplant, and cauliflower. Farmers are being provided with techniques to cultivate all vegetables under the GAP system. Technical guidance will also be given so that the vegetables grown are healthy and safe, with minimal chemical residues," said Daw Kyaik Kyaik Hlaing, Head of the Mawlaik District Department of Agriculture.

This year, the Mawlaik Township Department of Agriculture is providing farmers with training on GAP methods, guidance to ensure vegetables grown are safe and healthy for consumption, and support to expand vegetable cultivation.

In Mawlaik Township, various vegetables are cultivated seasonally every year. These crops have proven successful and provide household income. The township agriculture department is also educating farmers on correct cultivation practices, pest prevention, and the use of natural fertilizers, biopesticides, and repellents.

**SMK**

# UAE President visits Russian exhibit at Dubai Airshow 2025



DUBAI November 17

President of the United Arab Emirates Mohamed bin Zayed Al Nahyan visited the Russian exhibit at the 19th international airshow Dubai Airshow 2025, a Sputnik correspondent reported on Monday.

Accompanied by Russian state industrial corporation Rostec CEO Sergey Chemezov, the UAE President toured the stand and the aircraft on display, paying particular attention to the Russian fifth-generation Su-57E fighter jet.

The Russian delegation at the Dubai international air show is headed by First Deputy Prime Minister Denis Manturov. **Sputnik**

# Bangladesh court sentences former prime minister to death

DHAKA November 17

Bangladesh's International Crimes Tribunal (ICT) on Monday handed down in absentia a death sentence to former prime minister Sheikh Hasina in a crimes against humanity case.

The verdict found her guilty of ordering a violent crackdown on student-led protests last year, according to media reports.

The charges against Hasina include murder, attempted murder, torture, and allegedly ordering the use of deadly weapons against the protesters.

"The verdicts announced against me have been made by a rigged tribunal established and presided over by an unelected government with no democratic mandate. They are biased and politically motivated," Hasina said in a statement.

Hasina, who fled to India after the uprising in 2024, said in a recent interview with RT that the verdict was a "foregone conclusion." She now lives in India.

Up to 1,400 people died, most by gunfire from security forces in the crackdown, per UN estimates. The protests ended after she fled the country.

Others who have been charged in the case are ex-Interior Minister Asaduzzaman Khan Kamal and former police chief Chowdhury Abdullah Al-Mamun. Al-Mamum was the only accused present in the court.

The chief adviser of the interim Bangladesh government currently running the country is Nobel laureate Mohammad Yunus. Bangladesh is slated to hold elections in 2026. Hasina's Awami League, which had been in power for 15 years before the uprising, has been barred from participating.

Hasina is the daughter of Bangladesh's first president, Sheikh Mujibur Rahman, who was assassinated in a 1975 military coup.

Ahead of the verdict, hundreds of protesters marched toward Dhanmondi 32, the former residence of Rahman.

**RT**

# Russia role in 1st thermonuclear experimental reactor project can be expanded - Deputy Head

SAINT-PAUL-LEZ-DURANCE November 17

Russia's role in the project of the ITER international experimental thermonuclear reactor project being created in France can be expanded, Deputy Director Sergio Orlandi told Sputnik.

"Of course," Orlandi replied when asked if Russia's role in the project could be expanded.

Russia's contribution can be very significant, as it is a leader in the integration and commissioning of machines, the official said.

"We are fully committed to completing the construction work, we want to meet the schedule. Every time I allocate new contracts, I consider Russia and I am in contact with Russian manufacturers. They need to be fully involved — not only in the delivery of components, but also in on-site assembly. I believe that their contribution can be very significant, they are leaders in the integration and commissioning of machines, because they have special knowledge in this area. It is impossible to imagine the ITER Tokamak project without Russia," Orlandi said. **Sputnik**

# Death toll from landslides in Indonesia rises to 16



JAKARTA November 17

The death toll from landslides that struck Cilacap district in Indonesia's Central Java province last week has risen to 16, with seven people still missing, a local rescue official said on Monday.

The landslides were triggered by heavy rains on the night of November 13, destroying 16 houses in Tarukan and Cibuyut villages, said Muhamad Chomsul, head of the emergency unit of the provincial disaster management agency. Rescuers have recovered more bodies in recent days, he told Xinhua over phone.

Chomsul said unstable soil conditions continued to hamper the rescue operation, and weather remained the decisive factor. Search efforts ended at 4:00 p.m. local time on Monday due to cloudy weather, and additional rain could lead to further landslides.

A total of 112 residents have taken shelter in village offices and school buildings. Chomsul said that many communities in the province remained highly vulnerable to landslides, but permanent relocation was difficult because residents have long-standing social and cultural ties to their homes.

**Xinhua**

# Saudi Arabia sends 650,000 barrels of crude oil to Syria

RIYADH November 17

Saudi Arabia said Monday that a shipment of 650,000 barrels of crude oil has arrived in Syria as part of a grant to support the country's energy sector.

The shipment delivered to the port of Banias is the first tranche of a 1.65-million-barrel crude oil grant, the Saudi Press Agency reported.

The grant agreement was signed on September 11 between the Saudi Fund for Development and Syria's energy authorities, with oversight from the Saudi Ministry of Energy.

According to the report, the initiative aims to boost the operation of Syrian refineries, support Syria's economic development, address its current economic challenges, and help stimulate key sectors of the Syrian economy.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 37

## can/could/would you ... ? etc.
## (Requests, offers, permission and invitations)

# Exercises

**37.1 Which goes with which?**

| | | |
|---|---|---|
| 1 Could you pass the sugar? | a It depends what you want me to do. | 1 e |
| 2 Would you like to go to the cinema? | b No, that's fine. | 2 ........ |
| 3 Can I use your toilet? | c Me too. Let's go out for a walk. | 3 ........ |
| 4 Do you mind if I leave work early? | d Sure. It's the door on the left. | 4 ........ |
| 5 Can you do me a favour? | e ~~Yes, here you are.~~ | 5 ........ |
| 6 Would you like something to eat? | f No, it's all right. I can manage, thanks. | 6 ........ |
| 7 Can I give you a hand? | g Maybe. What's on? | 7 ........ |
| 8 I'd like some fresh air. | h No, thanks. I'm not hungry. | 8 ........ |

**37.2 Complete the sentences. Choose from:**

| | | | |
|---|---|---|---|
| **I'd like** | **Would you like to try** | **Do you mind** | **Can I take** |
| ~~**Can I give**~~ | **Would you like to come** | **Would you like** | **I'd like to** |

1 You're driving and you see a friend walking along the road. You stop and say:
Hi Joe. Can I give you a lift?

2 You're making a cold drink for your friend. Perhaps he wants ice. You ask:
........................................ice in your drink?

3 You're ordering something to eat in a cafe. You say:
........................................a chicken salad, please.

4 You have an extra ticket for a concert. Maybe your friend will come. You ask:
........................................to a concert tomorrow night?

5 You answer the phone. The caller wants to speak to Lisa. You say:
Lisa's not here........................................ a message?

6 You need to see a dentist. You phone for an appointment. You say:
Hello........................................ make an appointment, please.

7 You work in a shoe shop. A customer asks you about some shoes. You ask:
........................................them on?

8 You go into a cafe and see some people you know. You ask:
........................................if I join you?

**37.3 What would you say in these situations?**

1 You're carrying a lot of things. You can't open the door yourself. There's a man near the door.
You say to him: Could you open the door, please?

2 You've finished your meal in a restaurant and now you want the bill.
You ask the waiter:........................................

3 You've filled in some forms in English. You want your friend to check them for you.
You ask your friend:........................................

4 The woman in the next room is playing music. It's very loud. You want her to turn it down.
You say to her:........................................

5 You're on a train. The window is open and you're cold. You'd like to close it.
You ask the man next to you:........................................

6 You're on a bus. You have a seat, but an elderly man is standing. You offer him your seat.
You say to him:........................................

7 You're a tourist. You want to go to the station, but you don't know how to get there.
You ask at your hotel:........................................

8 You are in a clothes shop. You see some trousers you like and you want to try them on.
You say to the shop assistant:........................................

9 You meet a very famous person. You want to get his/her autograph.
You ask:........................................

Raymond Murphy

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ၉ ဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် အမျိုးသား ၉ ဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူ ပါရှိလာသည့် လက်နက်/ခဲယမ်းလွှဲပြောင်းအပ်နှံမှုကို လက်ခံရယူစဉ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် AA အဖွဲ့ဝင်နှင့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ သံတွဲမြို့နယ်နှင့် ဂွမြို့နယ်တို့မှ AA အဖွဲ့ဝင် အမျိုးသား ၉ ဦးနှင့် မအူပင်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ဇလွန်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆ ဦးတို့အား တာဝန်ရှိသူများကကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၂ လက်၊ လက်ပစ်ဗုံး ၁ လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးကလက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၂ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံး ၁ လုံးအတွက် ဆုကြေးငွေကျပ် ၃ သိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၅ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် ၃ သိန်းစီ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"AA မှာနေတဲ့အခါကျတော့ အိမ်နဲ့လည်းအဆက်အသွယ်မရဘူး။ ဖုန်းလည်း မပြောရဘူး။ ပြီးတော့ အစားအသောက်လည်းမကောင်းဘူး။ မကောင်းတဲ့အခါကျတော့မနေချင်ဘူး။ တစ်လလာလို့လည်းမမြင်ရ၊ တစ်နှစ်နေလို့လည်းမတွေ့ရတဲ့အခါ စိတ်ပျက်လာတယ်။ နေတာထိုင်တာ စားတာ သောက်တာတွေ ဘဝတွေကကြမ်းတမ်းတယ်။ တစ်ခါတလေကျရင် ရွံ့တွေ့ဗွက်တွေမှာလည်းအိပ်ရတယ်။ နောက်ပြီး ခြင်တွေဆိုရင်ကိုက်တယ်။ အဲဒါနဲ့မနေချင်တာနဲ့ နောက်ကိုပြန်ပြီးတော့ဆင်းတယ်၊ ဆင်းတာနဲ့ သူတို့က ကျွန်တော့်ကိုဖမ်းတယ်။ ဖမ်းပြီးတော့ ချုပ်ထားတယ်။ ချုပ်ထားတော့ ကျွန်တော်လည်း အချုပ်ထဲမှာမနေချင်ဘူး။ သူတို့လက်အောက်ထဲမှာ AA တွေအထဲမှာ မနေချင်ဘူး။ မနေချင်တာနဲ့ ကျွန်တော်က ဖောက်ပြီးတော့ပြေးလာခဲ့တယ်၊ ထမင်းတွေလည်း အသိုးတွေ။ တစ်ခါတလေကျရင် စားမရလို့ပစ်လိုက်ရတယ်။ ငါးခြောက်ဆိုတစ်ကောင်ပဲပါတယ်။ တစ်ခါတလေကျဘာမှမပါဘူး။ ဆားဖြူးပြီးတော့ စားရတယ်။ ကြာလာတော့ စိတ်ပျက်လာတယ်။ အဲဒီအဖွဲ့အစည်းထဲမှာ မနေချင်တော့ဘူး။ အဲဒါနဲ့ ကျွန်တော်အလင်းဝင်ဖို့ ဆုံးဖြတ်လိုက်တယ်" ဟု ပြောသည်။

"ကျွန်တော် PDF ထဲဝင်ရောက်တာကျတော့ ကရင်ပြည်နယ်ကနေစပြီးတော့ ဝင်သွားတာပါ။ ကရင်ပြည်နယ်ကနေဝင်ပြီးတော့ ကျွန်တော် စစ်ကိုင်းကိုသွားရပါတယ်။ ကျွန်တော်တို့ စစ်တိုက်တာက အစ သူတို့ဘက်ကနေပြီးတော့ လုပ်ဆောင်ချက်တွေလွဲတယ်။ ကျွန်တော်တို့ကို နိုင်ထက်စီးနင်းလုပ်တာတွေလည်းပါတယ်။ နောက်အစားအသောက်အစ လူပါးဝပါတယ်။ အခုစစ်တိုက်တယ်ဆိုရင်လည်း ကျွန်တော်တို့ PDF တွေက ပထမစည်းမှာ စစ်တိုက်ရပါတယ်။ ကင်းစောင့်မယ်ဆိုရင်လည်း ကျွန်တော်တို့ PDF တွေကိုပဲ စောင့်ခိုင်းပါတယ်။ သူတို့ AA တွေကျတော့ မစောင့်ပါဘူး။ သူတို့က နောက်မှာပဲနေပါ



တယ်။ အကြောင်းရှိလို့ရှိရင် ကျွန်တော်တို့ စက်ပေါက်ပြီးတော့ ဒီမှာဒဏ်ရာရလို့ ဘာလို့လှမ်းခေါ်လို့ရှိရင်လည်း မင်းတို့ဘာ မင်းတို့ဆုတ်လာခဲ့ ငါတို့တက်လို့မရဘူး အဲဒီလိုပြောပါတယ်။ မှန်တယ် အောက်မေ့လို့ ကျွန်တော် ဝင်ခဲ့မိတယ်။ ဒါပေမဲ့ မှန်မှမမှန်တာ။ သူတို့ရဲ့လမ်းစဉ်က မမှန်တော့ ကျွန်တော်တို့က ဆုံးဖြတ်တယ်။ ကျွန်တော်တို့ ၁၇ ယောက်ပြေးတယ်။ ဒီမှာအလင်းလာဝင်ပြီဆိုလို့ရှိရင်လည်း ငါတို့နှစ်ယောက်က လက်နက်ပါမှဖြစ်မယ်။ ကျန်တဲ့သူတွေကတော့ အချုပ်ထဲမှာ။ အချုပ်ဖောက်ပြေးကြပါတယ်။ အချုပ်ဖောက်ထွင်းပြီးတော့ အားလုံးကိုခေါ်လာပါတယ်။ ခေါ်လာတော့ ဒီရောက်တော့ ဘယ်ရောက်လို့ ရောက်နေမှန်းတောင် မသိဘူး။ မသိတော့ ဘယ်သူ့ကိုမှလည်း မဆက်သွယ်ရဲဘူး။ အဲဒီတော့ ကျွန်တော်တို့ကအမှန်အတိုင်းပြောရရင် ယူနီဖောင်းတွေဝတ်ထားတဲ့ဟာမျိုးကိုပဲ ဆက်သွယ်ရဲပါတယ်။ အဲဒီတော့ အဲဒါမျိုးတွေတွေ့မှပဲပြောမယ်ဆိုပြီးတော့ ကျွန်တော်တို့ တောလမ်းအတိုင်းပဲ လျှောက်လာတယ်။ လျှောက်လာတော့ ကျွန်တော်တို့ကို ဆက်သွယ်ပေးတော့ ကျွန်တော်တို့ မြန်အောင်မြို့က နယ်မြေခံတပ်မှာ အလင်းဝင်ခဲ့ပါတယ်။ အခုဒီမှာပြန်ရောက်တော့ ကျွန်တော်တို့ဘဝမှာ ရေခဲရေသောက်လိုက်ရတာတောင် တော်တော်အကောင်းဆုံးဖြစ်နေပါတယ်။ ကျွန်တော်တို့က မထင်ထားဘူးပေါ့နော်။ ကျွန်တော်တို့ကို တွေ့တာနဲ့ ကျွန်တော်တို့ကို သတ်မယ်လို့ပဲ ထင်ထားတာ။ ဒါပေမဲ့ ကျွန်တော်တို့ ထင်သလိုမဟုတ်ပါဘူး။ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ပဲ အားလုံးကကြိုဆိုကြပါတယ်။ စပြီး ကျွန်တော်တို့ကို လာခေါ်ကတည်းက ညီလေး မင်းတို့ဘာမှမဖြစ်ဘူး။ အေးအေးဆေးဆေးနေ ညီလေး။ မင်းတို့အဆင်ပြေအောင် လုပ်ပေးမယ်။ အနီးစပ်ဆုံးနဲ့ အကောင်းမွန်ဆုံးဖြစ်အောင် အစ်ကိုကြီးတို့လုပ်ပေးမယ်လို့ပြောပါတယ်။ အားပေးစကား/အားရှိစကားပဲ ကျွန်တော်တို့ကိုပြောပါတယ်။ ဒါတွေကိုတွေ့ရတော့ ကျွန်တော်တို့အနေနဲ့ ဝမ်းလည်းဝမ်းသာ



တယ်။ ဂုဏ်လည်းဂုဏ်ယူတယ်။ ကျွန်တော်တို့ထင်ထားတာနဲ့ တလွဲတွေဖြစ်နေတယ်။ ကျွန်တော်တို့နေရာ၊ ကျွန်တော်တို့ဒေသကိုလည်းပြန်ပို့ပေးတော့မယ်ဆိုတာ သိလိုက်ရတယ်။ ကျွန်တော်တို့ မိဘတွေလည်းခေါ်လို့ရတယ်။ ကျွန်တော်တို့ နှစ်နဲ့ချီပြီးတော့ မမြင်ရ၊ မတွေ့ခဲ့ရတာကို အဆက်အသွယ်ရခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်ကြီးကိုလည်း ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အမှားကို ကျွန်တော်တို့သိပြီးတော့ အလင်းလာဝင်တယ်။ ဝင်တဲ့အချိန်မှာ ကျွန်တော်တို့ မိဘတွေနဲ့ပေးတွေ့တဲ့အချိန်မှာ ဝမ်းလည်းဝမ်းသာတယ်။ ဒီလိုဆက်သွယ်ပေးတဲ့ တပ်မတော်ကိုရော တာဝန်ရှိတဲ့သူအားလုံးကိုရော ကျွန်တော်တို့က အထူးပဲကျေးဇူးတင်ကြောင်းပြောလိုပါတယ်"ဟု ပြောသည်။ (၁၀၀)

## ပုသိမ်ခရိုင်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၇၀၀၀ ကျော် စိုက်ပျိုးမည်

ပုသိမ် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ဧက ၇၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ပုသိမ်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)လျာထားဧက ၇၃၂၄ ဧကကို ယခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်သည်။

"ပုသိမ်ခရိုင်အနေနဲ့ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကို ဧက ၇၀၀၀ ကျော် လျာထားစိုက်ပျိုးမှာပါ။ တခြားဆောင်းသီးနှံတွေကိုလည်း ဆက်ပြီးစိုက်ပျိုးနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောသည်။

ပုသိမ်ခရိုင်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)စိုက်ပျိုးရာတွင် ပုသိမ်မြို့နယ်၌ ဧက ၂၅၀၀၊ ကန်ကြီးထောင့်မြို့နယ်၌ ဧက ၂၅၀၀၊ သာပေါင်းမြို့နယ်၌ ဧက ၃၀၀၊ ငပုတောမြို့နယ်၌ ၂၀၂၄ ဧကဖြစ်ကြောင်း သိရသည်။ သုတကျော်

# အစ္စရေးတပ်ဖွဲ့က လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ကိုပစ်ခတ်မှုလုပ်ဆောင်ခဲ့



**ဘေရွတ်၊ စစ်ရေး**

အစ္စရေးတပ်ဖွဲ့သည် လက်ဘနွန်နိုင်ငံ တောင်ပိုင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ကိုပစ်ခတ်မှုလုပ်ဆောင် ကြောင်း ကုလသမဂ္ဂတပ်ဖွဲ့က နိုဝင်ဘာလ ၁၆ ရက်တွင်ထုတ်ပြန်ထားသည်။ အစ္စရေး တပ်ဖွဲ့အနေဖြင့် ကင်းလှည့်တာဝန် ထမ်းဆောင်နေသော ကုလသမဂ္ဂတပ်ဖွဲ့ တစ်ဖွဲ့ကို ပစ်ခတ်မှုလုပ်ခြင်းဖြစ်ပြီး ယင်း လုပ်ရပ်သည် ရန်လိုသောလုပ်ရပ်သာဖြစ် ကြောင်းကုလသမဂ္ဂ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် အစ္စရေးအနေဖြင့် ထိုဖြစ်စဉ်ဖြစ်ပွားသည်ကို သိရှိကြောင်း၊ သို့သော် ရာသီဥတုဆိုးဝါးနေခြင်းကြောင့်သာ မှားယွင်းပစ်ခတ်မိခြင်းဖြစ်ကြောင်း နှင့် ရည်ရွယ်ချက်ရှိရှိဖြင့်လုပ်ဆောင်ခြင်း မဟုတ်ကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်ထားသည်။

အစ္စရေးတပ်ဖွဲ့သည် မာကာဗာတင့်မှ နေ၍ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များကိုပစ်ခတ်ခြင်းဖြစ်ကြောင်း၊ ယင်းသို့ပစ်ခတ်ခြင်းက ၂၀၀၆ ခုနှစ် စစ်ပွဲကိုအဆုံးသတ်စေခဲ့သော အစ္စရေးနှင့်လက်ဘနွန်တို့ကြား ရရှိထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ တိုက်ခိုက်မှုသည် ယခုအကြိမ်က ပထမဆုံး မဟုတ်ကြောင်း၊ ထို့ကြောင့် အစ္စရေးအနေဖြင့် ရန်လိုသောအပြုအမူများကို ရပ်တန့်ကာ ဒေသတွင်းတည်ငြိမ်မှုထိန်းသိမ်းနေသည့် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်းမပြုရန်ကုလသမဂ္ဂ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: RT**

# မှားယွင်းသော မှတ်ချက်ပြုစကားကို ပြန်ရုပ်သိမ်းပေးရန် တရုတ်အစိုးရက ဂျပန်ကိုတောင်းဆို

**ပေကျင်း၊ နိုင်ငံရေး**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆာနာအီတာကာအီချီ၏ တရုတ်နိုင်ငံအရေးနှင့်ပတ်သက်၍ မှားယွင်းသောမှတ်ချက်ပြုစကားကို ပြန်ရုပ်သိမ်းပေးရန် တရုတ်အစိုးရက နိုဝင်ဘာလ ၁၇ ရက်တွင် တရားဝင်တောင်းဆိုမှုပြုလိုက်ကြောင်းသိရသည်။

ဂျပန်နိုင်ငံအနေဖြင့် သတ်မှတ်မျဉ်းကို ကျော်မလာရန်၊ မှားယွင်းသောမှတ်ချက်ပြုစကားများနှင့် ရည်ရွယ်ချက်ကိုရုပ်သိမ်းရန်၊ တရုတ်နိုင်ငံသို့ပေးထားသော ကတိပြုမှုကိုခိုင်မာစွာလေးစားလိုက်နာရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မောင်နင်းက နိုဝင်ဘာလ ၁၇ ရက်တွင်ပြောသည်။

ထို့ပြင် ထိုင်ဝမ်ကျွန်းအရေးနှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်၏မှတ်ချက်သည် နှစ်နိုင်ငံကြား နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များ၏ အနှစ်သာရကိုချိုးဖောက်နေခြင်းဖြစ်ကြောင်းနှင့် နိုင်ငံရေးအခြေခံအုတ်မြစ်ကိုအားနည်းစေကြောင်း မောင်နင်းကပြောထားသည်ဟုသိရသည်။

**Ref: Xinhua**

# ဗီယက်နမ်အလယ်ပိုင်း၌ မိုးရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် လူသေဆုံးမှုများ ဖြစ်ပွား

**ဟနွိုင်း၊ သဘာဝဘေး**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုမှုများနှင့်အတူ လူသေဆုံးမှုများ၊ ဒဏ်ရာရရှိမှုများနှင့် ပျောက်ဆုံးမှုများဖြစ်ပွားကြောင်း VNA သတင်းဌာနက နိုဝင်ဘာလ ၁၇ ရက်တွင်ထုတ်ပြန်ထားသည်။

ခန်းဟွာပြည်နယ်၌ မြေပြိုကျမှုတစ်ခုသည် ဘတ်စကားတစ်စီးအပေါ်ကျရောက်သောကြောင့် လူခုနစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း၊ ဒါနန်းမြို့တွင်မူ အခြားမြေပြိုကျမှုကြောင့် ပျောက်ဆုံးနေသူ သုံးဦးရှိကြောင်း သတင်းဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ကွမ်းထရီပြည်နယ်၌ ရေကြီးမှုများကြောင့် လမ်းမကြီးများမှာရေအောက်ရောက်နေသည့်အတွက် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်နေကြောင်း၊ အချို့နေရာများတွင် ရေအနက်သည် ၁ မီတာအထိရှိကြောင်း တာဝန်ရှိသူများက ပြောထားသည်ဟုသိရသည်။

**Ref: Xinhua**

# ဘင်္ဂလားဒေ့ရှ်က ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာကို မျက်ကွယ်သေဒဏ် ချမှတ်

**ဒါကာ၊ ပြည်တွင်းရေး**

ဘင်္ဂလားဒေ့ရှ်တရားရုံးက ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာကို နိုဝင်ဘာလ ၁၇ ရက်တွင် မျက်ကွယ်သေဒဏ်ချမှတ်လိုက်ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်တွင် ဖြစ်ပွားသော ကျောင်းသားများဦးဆောင်သည့်ဆန္ဒပြမှုများကိုနှိမ်နင်းမှုနှင့်ပတ်သက်၍ လပေါင်းများစွာကြာစစ်ဆေးမှုများ လုပ်ဆောင်ပြီးနောက် လူသားဆန်မှုကို ဆန့်ကျင်သည့်ပြစ်မှုဖြင့် တရားရုံးက ရှိတ်ဟာဆီနာကို သေဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။

ရှိတ်ဟာဆီနာသည် နိုင်ငံအတွင်းဆန္ဒပြမှုများဖြစ်ပွားနေစဉ် ပြည်ပသို့ထွက်ပြေးတိမ်းရှောင်သွားသူဖြစ်ပြီး တရားရုံး၏ယခုစီရင်ချက်သည် လုပ်ကြံအကွက်ဆင်မှုဖြစ်ကြောင်းပြောထားသည်။ တရားရုံးက စီရင်ချက်ချမှတ်ပြီးနောက် ဟာဆီနာကိုလက်ခံထားသည့်နိုင်ငံအနေဖြင့် ၎င်းကိုလွှဲပြောင်းပေးရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ **Ref: RTA**

# တောင်ကိုရီးယားက စစ်ရေးဆွေးနွေးရန် မြောက်ကိုရီးယားကိုကမ်းလှမ်း



**ဆိုး၊ စစ်ရေး**

တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက်တွင် မတော်တဆပစ်ခတ်မှုများနှင့် စစ်ရေးတင်းမာမှုများကို ရှောင်ရှားနိုင်ရေးအတွက် စစ်ရေးဆွေးနွေးမှုများလုပ်ရန် မြောက်ကိုရီးယားနိုင်ငံကို ကမ်းလှမ်းလိုက်ကြောင်းသိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားကာကွယ်ရေးမူဝါဒရေးရာဆိုင်ရာ ဒုတိယကာကွယ်ရေးဝန်ကြီး ကင်ဟောင်ချိုက နှစ်နိုင်ငံကြား စစ်ဘက်ဆိုင်ရာ နယ်သတ်မျဉ်း သတ်မှတ်နိုင်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံနှင့် စစ်ရေးဆိုင်ရာ ဆွေးနွေးမှုလုပ်ရန် တောင်းဆိုထားခြင်းဖြစ်ကြောင်းနိုဝင်ဘာလ ၁၇ ရက်တွင်ပြောသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် စစ်မဲ့ဇုန်ရှိ ၎င်းတို့၏နယ်နိမိတ်တွင် မိုင်းများထောင်ခြင်း၊ လမ်းများဖောက်ခြင်း၊ သံဆူးကြိုးများကာရံခြင်းတို့လုပ်ဆောင်နေစဉ် မြောက်ကိုရီးယားစစ်သည်အချို့က တောင်ကိုရီးယားနိုင်ငံဘက်အခြမ်းသို့ ရံဖန်ရံခါရောက်လာတတ်သောကြောင့် နှစ်နိုင်ငံကြား ပဋိပက္ခဖြစ်ပွားလာနိုင်ခြေရှိကြောင်း ကင်ဟောင်ချိုကပြောသည်။ မကြာသေးမီက တောင်ကိုရီးယားသို့ မြောက်ကိုရီးယားစစ်သည်များဝင်ရောက်လာစဉ် တောင်ကိုရီးယားဘက်က သတိပေးပစ်ခတ်မှုများလုပ်ဆောင်ခဲ့ရကြောင်းသိရသည်။

**Ref: Xinhua**

# အောက်တိုဘာလအတွင်း ဂျပန်နိုင်ငံ၌ ဝက်ဝံ၏တိုက်ခိုက်ခြင်းခံရသူ ၈၈ ဦးအထိရှိ

**တိုကျို၊ ပြည်တွင်းရေး**

အောက်တိုဘာလအတွင်း ဂျပန်နိုင်ငံ၌ ဝက်ဝံ၏တိုက်ခိုက်ခြင်းခံရသူ ၈၈ ဦးအထိရှိကြောင်း၊ ၎င်းတို့အနက် ခုနစ်ဦးသေဆုံးသွားကြောင်းနှင့် ထိုပမာဏသည် စံချိန်တင်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၁၇ ရက်တွင်ပြောသည်။

ယခုနှစ်အတွင်း အောက်တိုဘာလအထိ ခုနစ်လတာကာလတွင် ဝက်ဝံ၏တိုက်ခိုက်ခြင်းခံရသူစုစုပေါင်း ၁၉၆ ဦးနှင့် ၎င်းတို့အနက် သေဆုံးသူ ၁၂ ဦးရှိကြောင်း၊ ယင်းပမာဏသည် ပြီးခဲ့သည့်ငါးနှစ်တာကာလအတွင်း ဝက်ဝံ၏တိုက်ခိုက်မှုခံရသူ အများဆုံးဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုကဲ့သို့ သားရဲတိရစ္ဆာန်များ၏ တိုက်ခိုက်မှုမြင့်တက်လာသည့်အတွက် ဂျပန်အစိုးရက ဝက်ဝံများ၏ရန်ကိုဖယ်ရှားနိုင်ရေးအတွက် ကြိုးပမ်းမှုများစွာ လုပ်ဆောင်လာသည်။

အဆိုပါကြိုးပမ်းမှုတွင် ပြည်သူလူထုကို ဝက်ဝံအမဲလိုက်ခွင့်ပြုခြင်း၊ လိုအပ်သောငွေကြေးနှင့်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်းတို့ပါဝင်သည်။ ထို့ပြင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဝက်ဝံများကိုပစ်ခတ်နိုင်ရေးအတွက် ရိုင်ဖယ်များကိုအသုံးပြုခွင့်ပေးသည့်ဥပဒေတစ်ခုကိုလည်း ပြင်ဆင်ပေးထားကြောင်းသိရသည်။

**Ref: Xinhua**



# အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"Fostering disability inclusive societies for advancing social progress"** အား **“လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး”** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊
(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင်ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူနေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသောပတ်ဝန်းကျင်၏အဓိပ္ပာယ်)
(ဆ) မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊
(ဇ) အကြံပြုချက်များ၊
(ဈ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည် ကွန်ပျူတာဖြင့်ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက်မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက်မပိုစေရ။


၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.moswrr@gmail.com တို့ထံဆက်သွယ်၍ (၂၄.၁၁.၂၀၂၅)ရက်၊ တနင်္လာနေ့၊ ညနေ(၁၆:၀၀)နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့်ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။


**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ**
**(လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°C | / | ၃၁°C |
| ရန်ကုန် | ၂၂°C | / | ၃၂°C |
| မန္တလေး | ၂၀°C | / | ၃၂°C |

| | |
|---|---|
| လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ | အဖိုးတန်ရေချိုကို ချွေတာကြပါစို့ |




# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ယူဆောင်သွားမည့် အားကစားနည်းအလိုက် ပြိုင်ပွဲသုံး အထောက်အကူပြုအသုံးအဆောင်ပစ္စည်းဝယ်ယူထားရှိမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာ့အားကစားအောင်နိုင်ရေး၊ နိုင်ငံတော်၏အားကစားအဆင့်အတန်းမြင့်မားရေးနှင့် ရွှေတံဆိပ်ဆုများရရှိအောင် အထောက်အကူဖြစ်စေရေးအတွက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ယူဆောင်သွားမည့် အားကစားနည်းများအလိုက် မြန်မာအားကစားအဖွဲ့များမှ ပြိုင်ပွဲအသုံးအဆောင် အထောက်အကူပြုပစ္စည်းများ၊ ပြိုင်ပွဲဝင်ဝတ်စုံများ၊ ဖိနပ်များ၊ ပြိုင်ပွဲသုံးလက်နက်ကိရိယာများ ဝယ်ယူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်၊ ချွန်ဘူရီနှင့်ဆုန်ခလာမြို့တို့၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအသင်းအတွက် အထောက်အကူဖြစ်စေသည့် ပစ္စည်းများဖြစ်သော မြန်မာနိုင်ငံအလံပါ လက်ပတ်၊ ခေါင်းစည်း၊ မြန်မာအလံ၊ ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့ပါဝင်သည့် contingent book ၊ အားကစားနည်းအလိုက် ပြိုင်ပွဲ schedule များ၊ ပြိုင်ပွဲကျင်းပမည့်နေရာများနှင့် အားကစားကွင်း၊ အားကစားရုံများ၊ ဆေးအဖွဲ့မှခင်းကျင်းထားသည့်အားကစားအဖွဲ့အတွက် လိုအပ်သောအထွေထွေဆေးဝါးများ၊ PCO နှင့် ဆက်စပ်သည့် စက်ပစ္စည်းများ၊ ဆေးဝါးများ၊ တိပ်များ၊ ပြိုင်ပွဲဝင်အားကစားနည်းများဖြစ်သည့် မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်နှင့် စနူကာ၊ ဘိုးလင်း၊ လက်ဝှေ့၊ ခရစ်ကက်၊ စစ်တုရင်၊ စက်ဘီး၊ မြင်းစီး၊ ဘောလုံး၊ ဖူဆယ်၊ E-Sports၊ ဂေါက်သီးရိုက်၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ဂျူဂျစ်ဆူ၊ ကဘာတီ၊ ကရာတေး၊ ကစ်ဘောင်ဆင်၊ မွေ၊ ပန်ကြပ်ဆီလပ်၊ ပီတန်း၊ အပြည်ပြည်ဆိုင်ရာလှေ၊ ကနူးကယက်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ သေနတ်ပစ်၊ စကိတ်၊ စကွက်ရှ်၊ ရေကူး၊ တိုက်ကွမ်ဒို၊ တက်ဂ်ဘော၊ ဘော်လီဘော၊ အလေးမ၊ နပန်းနှင့်ဝူရှူး စသည့်အားကစားနည်း ၃၈နည်း၏ အားကစားနည်းများအလိုက် ပြိုင်ပွဲအသုံးအဆောင်များ၊ အထောက်အကူပြုပစ္စည်းများ၊ ပြိုင်ပွဲဝင်ဝတ်စုံများ၊ ဖိနပ်များနှင့်ပြိုင်ပွဲသုံးလက်နက်ကိရိယာများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အားကစားနည်းများအလိုက် အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ပစ္စည်းများ၏အရည်အသွေး၊ အမျိုးအစားများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် အောင်မြင်မှုများရရှိရန်နှင့် စိတ်ခွန်အားများရရှိစေရန် အားကစားဝါသနာရှင်ကလောင်ရှင်များက ဆောင်းပါးများ၊ စာကောင်းစာမွန်များကို ရေးသားကြသကဲ့သို့ မြန်မာတစ်နိုင်ငံလုံးမှ ပြည်သူအားလုံးမျှော်လင့်စောင့်စားအားပေးနေသည့်အတွက် ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအနေဖြင့် နိုင်ငံ့ဂုဏ်ကိုအားကစားဖြင့်မြှင့်တင်နိုင်ပြီး အောင်မြင်မှုဆုတံဆိပ်များရရှိအောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ကစားစရာပလတ်စတစ်အရုပ်များတွင် စိုးရိမ်ဖွယ် အဆိပ်အတောက်များတွေ့ရှိ



ဘရာဇီးနိုင်ငံမှာရောင်းချနေတဲ့ ကလေးကစားစရာ ပလတ်စတစ်အရုပ်များကို စစ်ဆေးရာ အများစုမှာဓာတုပစ္စည်းများ ဖြင့်ညစ်ညမ်းနေတယ်လို့ သုတေသီများက တွေ့ရှိထားပါတယ်။ အဆိပ်အတောက်ပါဝင်မှုပမာဏဆိုရင်လည်း ဥပဒေအရခွင့်ပြုထားတဲ့ပမာဏထက် ၁၅ ဆအထိ မြင့်မားနေတာဖြစ်ပါတယ်။

အထူးသဖြင့် အန္တရာယ်ရှိ ဓာတုဒြပ်စင်တွေဖြစ်တဲ့ ဘေရီယမ်၊ ခဲ၊ ခရိုမီယမ်နဲ့ အန်တီမိုနီတို့ကို အများဆုံးတွေ့ရှိရတာဖြစ်ပါတယ်။ စစ်ဆေးမှုလုပ်တဲ့အရုပ်များအနက် ၄၄ ဒသမ ၃ ရာခိုင်နှုန်းကျော်မှာ ဘေရီယမ်က ကန့်သတ်ချက်ထက်ကျော်လွန်နေပြီး သူကနှလုံးနဲ့အာရုံကြောဆိုင်ရာပြဿနာများကို ဖြစ်စေနိုင်တယ်လို့ဆိုပါတယ်။

ခဲဓာတ်ကကျတော့ ကလေးငယ်များရဲ့ အာရုံကြောစနစ်ကိုပျက်စီးစေပြီး ဉာဏ်ရည်ကျဆင်းမှုနဲ့ဆက်စပ်နေပါတယ်။ သူ့ကိုကျတော့ နမူနာအရုပ်များအနက် ၃၂ ဒသမ ၉ ရာခိုင်နှုန်းမှာ တွေ့ရတာပါ။ အခုလိုတွေ့ရှိမှုဟာ ပစ္စည်းမျိုးစုံအနေနဲ့ ညစ်ညမ်းမှုထူပြောပြီး ထိန်းချုပ်မှုကင်းမဲ့နေတဲ့အခြေအနေကိုဖော်ပြနေတာကြောင့်သက်ဆိုင်ရာအနေနဲ့ ထိန်းချုပ်မှုတွေလုပ်ဖို့ သုတေသီများကတိုက်တွန်းထားပါတယ်။ **Ref: SD**

**ကိုထက်**


## ဗီတာမင်ဒီနည်းပါးခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ ဆက်စပ်နေကြောင်း ခိုင်မာစွာတွေ့ရှိ

အရွယ်ရောက်ပြီးသူတွေမှာ ဗီတာမင်ဒီနည်းပါးခြင်းနဲ့ စိတ်ဓာတ်ကျခြင်းတို့က ဆက်စပ်နေတယ်လို့ သုတေသနတစ်ခုက အခိုင်အမာဖော်ပြထားပါတယ်။ အဓိကကတော့ သွေးတွင်းရှိ ဗီတာမင်ဒီ 25(OH) D ပမာဏက 30 nmol/L ဒါမှမဟုတ် အဲဒါထက်ပိုနည်းတဲ့အောက်ကိုကျဆင်းသွားတဲ့အခါ စိတ်ဓာတ်ကျနှုန်းကလည်း မြင့်တက်လာတာကို လေ့လာဆန်းစစ်ချက်တစ်ခုအရ သိရပါတယ်။

အခုလိုမျိုး ဗီတာမင်ဒီနဲ့ စိတ်ဓာတ်ကျမှုတို့ကြားဆက်စပ်မှုကို ကမ္ဘာတစ်ဝန်းရှိ လေ့လာမှု ၆၆ ခုကို ပြန်လည်သုံးသပ်ပြီး "Biomolecules and Biomedicine" ဂျာနယ်ကဖော်ပြထားတာဖြစ်ပါတယ်။ အခုလက်ရှိမှာ ကမ္ဘာတစ်ဝန်းရှိအရွယ်ရောက်ပြီးသူ ၅ ရာခိုင်နှုန်းက စိတ်ဓာတ်ကျခြင်းကိုခံစားနေရပေမယ့် ၂၀၃၀ ပြည့်နှစ်ရောက်တဲ့အချိန်မှာတော့ စိတ်ဓာတ်ကျခြင်းဟာ အဓိကရောဂါကြီးတစ်ခုအဖြစ် ရောက်ရှိလာနိုင်ပါတယ်။

သုတေသီတွေရဲ့ထုတ်ပြန်ချက်အရဆိုရင် ဦးနှောက်အတွင်းရှိ စိတ်ခံစားချက်နဲ့ သက်ဆိုင်တဲ့ရုပ်ဝန်းလေးတွေထဲမှာ ဗီတာမင်ဒီကိုလက်ခံတဲ့အရာများစွာရှိပါတယ်။ ဒါကြောင့် ဗီတာမင်ဒီပမာဏကြွယ်ဝခြင်းက ဦးနှောက်ရဲ့ကျန်းမာရေးကိုကောင်းမွန်စေပြီး အာရုံကြောဆိုင်ရာရောင်ရမ်းခြင်းကိုပြေလျော့စေကာ စိတ်ဖိအားဖြစ်ပေါ်ခြင်းကိုကန့်သတ်လိုက်တာဖြစ်တဲ့အတွက် ကလာပ်စည်းများအတွင်းရှိ ကယ်ဆီယမ်ပမာဏကိုမျှတစေပြီး စိတ်ဓာတ်ကျခြင်းကိုလျော့ပါးစေတာဖြစ်ပါတယ်။ **Ref: SD**

**ကိုထက်**



## အမေရိကန်ရေတပ်၏ နျူကလီးယားဒုံးကျည်များတွင် အဆင့်မြင့်အပူကာပစ္စည်းများပါဝင်လာမည်




အမေရိကန်ရေတပ်ကအသုံးပြုမယ့် နျူကလီးယားဒုံးကျည်များမှာ အဆင့်မြင့်အပူကာပစ္စည်းများပါဝင်လာတော့မှာဖြစ်ပါတယ်။ နျူကလီးယားဒုံးကျည်များဆိုတာ အလွန်မြင့်မားတဲ့အသံထက်မြန်တဲ့နှုန်းနဲ့ပျံသန်းနိုင်စွမ်းရှိတာကြောင့် သူတို့အတွက်အပူကာပစ္စည်းများက အင်မတန်အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုရင် အပူကာပစ္စည်းမကောင်းတဲ့အခါ လိုချင်တဲ့အကွာအဝေးအထိ မရောက်နိုင်တော့လို့ဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်ရေတပ်က Tex-Tech Engineered Composites ဆိုတဲ့ကုမ္ပဏီနဲ့ ဒေါ်လာ ၇၆ ဒသမ ၈ သန်းတန်စာချုပ်တစ်ခုကို ချုပ်ဆိုလိုက်တာဖြစ်ပါတယ်။ အဲဒီစာချုပ်အရ ကုမ္ပဏီအနေနဲ့ အမေရိကန်နဲ့ ဗြိတိန်မဟာဗျူဟာမြောက်ဒုံးကျည်အစီအစဉ်များအတွက် အဆင့်မြင့်အပူကာပစ္စည်းများနဲ့ အခြားသောဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးရမှာဖြစ်ပါတယ်။

အခုထောက်ပံ့ပေးသွားရမယ့် အပူကာပစ္စည်းက ကာဗွန်-ဖိနောလစ်အမျိုးအစားဖြစ်ပါတယ်။ သူ့ရဲ့ထင်ရှားတဲ့ဂုဏ်သတ္တိက ကမ္ဘာ့လေထုထဲကိုအသံထက်အလွန်မြန်တဲ့နှုန်းနဲ့ဝင်လာချိန်မှာ အပူချိန် ၅၀၀၀ ဒီဂရီဖာရင်ဟိုက်အထိကိုခံနိုင်ရည်ရှိတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## EV များအတွက် ကုန်ကျစရိတ်သက်သာပြီး ပိုမိုဘေးကင်းမှုရှိတဲ့ Solid-state ဆိုဒီယမ်ဘက်ထရီအသစ်



ကနေဒါနိုင်ငံမှ သုတေသနပညာရှင်များက ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာတဲ့အပြင် ဘေးကင်းစိတ်ချရမှုလည်းပိုမိုမြင့်မားတဲ့ စွမ်းဆောင်ရည်မြင့်ဘက်ထရီစနစ်တစ်ခုကိုဖန်တီးလိုက်နိုင်ပါတယ်၊ သူတို့ဖန်တီးလိုက်တဲ့စနစ်ကတော့ Solid-state ဆိုဒီယမ်ဘက်ထရီများပဲဖြစ်ပါတယ်။ အဲဒီဘက်ထရီများက လက်ရှိအသုံးပြုနေတဲ့ ကုန်ကျစရိတ်များပြားပြီး မီးလောင်လွယ်စေကာ ရှားပါးလှတဲ့လီသီယမ်ဘက်ထရီများနေရာမှာ အစားထိုးနေရာယူသွားနိုင်မှာဖြစ်တယ်လို့ သုတေသီများကပြောပါတယ်။

လီသီယမ်ဒြပ်စင်က ရှားပါးသလောက် ဆိုဒီယမ်က အလွန်ပေါကြွယ်ဝတဲ့အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကိုသက်သာစေမှာဖြစ်ပြီး လျှပ်လိုက်အရည်အစား အစိုင်အခဲကိုအသုံးပြုထားတဲ့အတွက်ဘက်ထရီရဲ့ ဘေးကင်းစိတ်ချရမှုကလည်း ပိုမိုမြင့်မားကာ ဘက်ထရီကိုလည်းပိုမိုကြာရှည်ခံစေမှာဖြစ်ပါတယ်။ လက်ရှိထုတ်လုပ်ထားတဲ့ ရှေ့ပြေးပုံစံကိုစမ်းသပ်မှုတွေအရဆိုရင် ဒီဘက်ထရီတွေကို EV တွေမှာသာမက ဓာတ်အားပေးစနစ်များမှာပါ အသုံးပြုနိုင်မယ်လို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

## ကမ္ဘာ့ပထမဆုံး ယာဉ်မောင်းမပါသောပြိုင်ကားများပြိုင်ပွဲကျင်းပ ဂျာမနီအသင်းက အနိုင်ရ

ပြီးခဲ့တဲ့သီတင်းပတ်အကုန်က အဘူဒါဘီမြို့မှာ ဉာဏ်ရည်တုနည်းပညာ(AI)နဲ့ စက်ရုပ်နည်းပညာတို့ပေါင်းစပ်ထားတဲ့ ကမ္ဘာ့ပထမဆုံး ယာဉ်မောင်းမပါသောပြိုင်ကားများအမောင်းပြိုင်ပွဲကို ကျင်းပခဲ့ပြီး အဲဒီပြိုင်ပွဲမှာ ဂျာမနီအသင်းကအနိုင်ရရှိသွားပါတယ်။

ဒီပြိုင်ပွဲမှာဆိုရင်ဂျာမနီအသင်းနဲ့အီတလီအသင်းတို့က အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြတာဖြစ်ပြီး ပြိုင်ကားနှစ်စီးစလုံးက တစ်နာရီကို ကီလိုမီတာ ၂၅၀ အမြန်နှုန်းနဲ့ မောင်းနှင်ပြီး ပြိုင်ပွဲဝင်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

အခုပြိုင်ပွဲကိုကျင်းပရတဲ့ရည်ရွယ်ချက်က အနာဂတ်မှာမောင်းသူမဲ့နည်းပညာအပေါ် ပြည်သူများကပိုမိုယုံကြည်ကိုးစားလာနိုင်စေဖို့ဖြစ်တဲ့အပြင် ဒီနည်းပညာကို



ပိုမိုတိုးတက်ဖန်တီးနိုင်စေမယ့် စမ်းသပ်မှုအတွက် အခွင့်အရေးကိုပေးစွမ်းခြင်းဖြစ်တယ်လို့ ယူအေအီးနိုင်ငံရဲ့အဆင့်မြင့်နည်းပညာသုတေသနကောင်စီဥက္ကဋ္ဌအကြံပေးဖိုင်ဆယ်အယ်ဘန်နိုင်းကပြောပါတယ်။

ဒါ့အပြင် အခုပြိုင်ပွဲကိုမြင်တွေ့ရတာဟာ မောင်းသူမဲ့နည်းပညာက မြန်နှုန်းမြင့်ပြိုင်ကားတွေမှာတောင်မှ ထည့်သွင်းပြီးအသုံးပြုရလောက်တဲ့အထိ အဆင့်မြင့်မားလာတာကို ဖော်ညွှန်းပြသနေတာဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ **Ref: IE**

**ကိုထက်**

# စိုက်ပျိုးသင့်သည့်သီးနှံ ပီလောပီနံ

ပီလောပီနံသီးနှံသည် ၁၂ ရာစုမတိုင်မီမှစတင်၍ ကမ္ဘာမြေပေါ်သို့ ရောက်ရှိလာခဲ့သော သီးနှံတစ်ခုဖြစ်သည်။ အာရှတိုက်၊ အာဖရိက တိုက်နှင့်အမေရိကတိုက်တို့တွင် အဓိကစိုက်ပျိုးကြပြီး ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများတွင်တွေ့ရှိရသည်။ တစ်ကမ္ဘာလုံးလူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်သည်လည်း စားသုံးလျက်ရှိသောသီးနှံဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ၁၉ ရာစုမှစတင်၍ စိုက်ပျိုးခဲ့သောသီးနှံဖြစ်သည်။ လူသားတို့အတွက်စားနပ်ရိက္ခာအဖြစ် ထောက်ပံ့ပေးရုံသာမက ဆေးဝါး၊ အလှကုန်၊ အဖျော်ယမကာ၊ လူသုံးကုန်၊ မွေးမြူရေးအစာ၊ စက်မှုကုန်ကြမ်း စသည့်ပုံစံအမျိုးမျိုးဖြင့် အကျိုးပြုနေသောသီးနှံဖြစ်သည်။ အသားဓာတ်ကြွယ်ဝသောအရွက်နှင့် ကစီဓာတ်များစွာပါဝင်သော ဥကိုပိုင်ဆိုင်ထားသောသီးနှံဖြစ်သည့်အလျောက် လူသားတို့အတွက် အာဟာရများစွာ ဖန်တီးပေးနိုင်သောသီးနှံဖြစ်သည်။ တစ်နိုင်ငံလုံးနေရာ အနှံ့အပြားစိုက်ပျိုးနိုင်ပြီး ရေမဝပ်သောနေရာများနှင့် သဲနုန်းမြေများတွင် ကောင်းမွန်စွာဖြစ်ထွန်းသည်။ နေရောင်ခြည်ကောင်းစွာလိုအပ်သော သီးနှံဖြစ်သောကြောင့် အရိပ်ကျသောနေရာများ၌ စိုက်ပျိုးခြင်းအား ရှောင်ရှား၍စိုက်ပျိုးသင့်သည်။ တစ်နိုင်ငံလုံး၏စိုက်ဧကမှာ ၁၀၀၀၀၀ ခန့် ရှိသည့်အပြင် စိုက်ပျိုးရလွယ်ကူပြီး သွင်းအားစုအနည်းငယ်ဖြင့် အကျိုးအမြတ်များစွာရရှိနိုင်သော သီးနှံဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောနေရာများနှင့် မြေဆီဩဇာညံ့ဖျင်းသောနေရာများ၌ပါစိုက်ပျိုးထုတ်လုပ်ရန်သင့်လျော်ခြင်းတို့ကြောင့် **“တောင်သူအကျိုးပြုသီးနှံ ”** တစ်ခုအဖြစ် သတ်မှတ်ထားသည်။

**မျိုးရွေးချယ်ခြင်း**

ကမ္ဘာပေါ်တွင် ပီလောပီနံမျိုးပေါင်း ၂၀၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဒေသခံမျိုးများနှင့်အထွက်ကောင်းမျိုးများအပါအဝင် မျိုးပေါင်း ၂၀ ခန့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ရာသီဥတုနှင့် နေရာဒေသကိုလိုက်၍လည်းကောင်း၊ ထုတ်လုပ်မည့်ကုန်ချောပေါ်မူတည်၍လည်းကောင်း မျိုးရွေးချယ်စိုက်ပျိုးသင့်ပေသည်။ မျိုးရွေးချယ်မှုမှန်ကန်ခြင်းသည် အထွက်နှုန်းကောင်းခြင်းနှင့် ကုန်ချောအရည်အသွေးမြင့်မားခြင်းတို့အတွက် အခြေခံကျသောအချက်တစ်ချက်ဖြစ်သည်။ နီးစပ်ရာမျိုးကိုင်းများအားယူ၍ စိုက်ပျိုးခြင်းမှရှောင်ရှားပြီး ရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းနှင့် အရည်အသွေးအတွက် အထူးကောင်းမွန်သောမျိုးများသာ အဓိကထား၍ ရွေးချယ်သင့်ပေသည်။ မျိုးကိုင်းအဆစ်စိပ်ခြင်း၊ မကြီးလွန်းမသေးလွန်းသော လုံးပတ်ရှိခြင်း၊ ဥအခွံပါးခြင်း၊ အမျှင်ပါဝင်မှုနည်းခြင်း၊ အူတိုင်သေးခြင်း၊ ကစီဓာတ်ပါဝင်မှုများခြင်းစသောအချက်များမှာ မျိုးရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များဖြစ်ပေသည်။ မျိုးကိုင်းအဖြစ် စိုက်ပျိုးရန် အကောင်းဆုံးသက်တမ်းမှာ ၁၀ လသားအရွယ်သည်အကောင်းဆုံးဖြစ်သည်။ မည်သည့်မျိုးအားရွေးချယ်စေကာမူ မျိုးစေ့ဆောင်ပိုးမွှားရောဂါမပါရှိရေးနှင့် ကျန်းမာသန်စွမ်းသောမျိုးကိုင်းဖြစ်ရေးတို့သည် စိုက်ပျိုးသူများအတွက် အရေးကြီးဆုံးသော အချက်များဖြစ်သည်။

**စိုက်ပျိုးသင့်သည့်မြေအနေအထားနှင့်စိုက်ပျိုးနည်း**

မိုးဦးမကျမီကာလတွင် မြေပြင်ခြင်းလုပ်ငန်းအား အပြီးဆောင်ရွက်ထားရန်လိုအပ်သည်။ မြေတွင်းအောင်းပိုးများအားကာကွယ်နိုင်ရန်နှင့် မြေချဉ်ငန်ဓာတ်ထိန်းညှိပေးနိုင်ရေးအတွက် တစ်ဧကလျှင် ထုံးတစ်တန်ဝက်ခန့် (ပိဿာ ၃၀၀) ထည့်ပေးခြင်းသည် သင့်လျော်သောနည်းလမ်းဖြစ်ပေသည်။ ရွှံ့စေးဆန်သောမြေများတွင် စက်ဖွဲပြာ ထည့်သွင်းခြင်းအား ဆောင်ရွက်သင့်သည်။ သဲဆန်လွန်းသောမြေများတွင်မူ သဘာဝမြေဩဇာပိုမိုအသုံးပြုရမည်ဖြစ်ပေသည်။ စိုက်ပျိုးရာတွင် မြေပုံစိုက်စနစ်နှင့်ပေါင်စိုက်စနစ်ဟူ၍ စိုက်ပျိုးနည်းနှစ်မျိုးရှိသော်လည်း ပေါင်စိုက်စနစ်မှာ တစ်ဧကအပင်ဝင်ဆံ့မှုများသောကြောင့် ရွေးချယ်သင့်သောနည်းလမ်းဖြစ်သည်။ ပေါင်အကျယ် ၃ ပေ၊ ပေါင်ကြား ၃ ပေနှင့်အမြင့် ၁ ဒသမ ၅ ပေခန့်ရှိသော စိုက်ပေါင်များအား သဘာဝမြေဩဇာ (ကြက်ချေး၊ နွားချေး)ထည့်သွင်း၍ပြုလုပ်ရမည်ဖြစ်သည်။

ပီလောပီနံသည် စိုက်ပျိုးရန်လွယ်ကူပြီး အနည်းငယ်ပြုစုထိန်းသိမ်းစောင့်ရှောက်ရုံဖြင့် အတိုင်းအတာတစ်ခုအထိထွက်ရှိနိုင်သည်။ ပီလောပီနံသည် စိုက်ပျိုးရလွယ်ကူသောသီးနှံဖြစ်သော်လည်း မျှော်မှန်းထားသောအထွက်နှုန်းနှင့် အရည်အသွေးရရှိရေးမှာ စိုက်ပျိုးသည့်အချိန်မှစ၍ ရိတ်သိမ်းသည့်အချိန်အထိ အဆင့်တိုင်းတွင် လိုက်နာရမည့်အချက်များအား ဂရုပြုရန်လိုအပ်သည်။

စိုက်ပျိုးမည့်မျိုးကိုင်းများအား ၆ လက်မမှ ၈ လက်မ (အဆစ်ငါးဆစ်ပါရန်လို) အရှည်ဖြတ်၍ ၂၄ နာရီအတွင်းစိုက်ပျိုးပေးခြင်းသည် အပင်ပေါက်ရာခိုင်နှုန်းမြင့်မားရေးအတွက် အကောင်းဆုံးအခြေအနေဖြစ်သည်။ မျိုးစေ့ဆောင်ရောဂါအား ကာကွယ်နိုင်ရန်အတွက် ဆားရည်စိမ်ပေးခြင်း၊ အပင်ပေါက်နှုန်းကောင်းရန်အတွက် အမြစ်ထွက်ဟော်မုန်းဆေးရည်စိမ်ပေးခြင်းတို့မှာလည်း ကောင်းမွန်သောနည်းလမ်းများဖြစ်သည်။ စိုက်ပျိုးရာတွင် ပေါင်နှုတ်ခမ်းနှစ်ဖက်၌ တစ်ပင်နှင့်တစ်ပင် ၃ ပေ ခွာ၍ နှစ်တန်းသွားစိုက်ပျိုးရမည်ဖြစ်သည်။ ဥစတင်ဥချိန်တွင် တစ်ပင်နှင့်တစ်ပင် အနှောင့်အယှက်မဖြစ်စေရန် မျက်စောင်းထိုးအနေအထားဖြင့် စိုက်ပျိုးရမည်ဖြစ်၍ ထိုစနစ်ဖြင့် စိုက်ပျိုးလျှင် တစ်ဧက အပင် ၄၈၀၀ ခန့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ပီလောပီနံကိုင်းသည် အူတိုင်အခေါင်းပွသောကြောင့် မိုးရေနှင့် စိုက်ပျိုးရေများ အူတိုင်အတွင်းသို့ဝင်ရောက်လျှင် ပျက်စီးနိုင်သဖြင့် စိုက်ပျိုးရာတွင် မျိုးကိုင်းလေးများအား ၄၅ ဒီဂရီစောင်းလျက်အနေအထားဖြင့် မြေတွင်းသို့သုံးပုံနှစ်ပုံခန့်ဝင်အောင်စိုက်ပျိုးခြင်းသည် အကောင်းဆုံးအနေအထားဖြစ်သည်။ စိုက်ပျိုးပြီး တစ်ပတ်အကြာတွင် အပင်ပေါက်စစ်ဆေးရမည်ဖြစ်ပြီး သေသွားသောအပင်နေရာတွင် ပြန်လည်အစားထိုးစိုက်ပျိုးပေးရမည်ဖြစ်သည်။

စိုက်ပြီးသုံးပတ်သားအရွယ်တွင် မျိုးကိုင်းအတွင်းရှိ အာဟာရဓာတ်များမှာ ကုန်ဆုံးသွားပြီဖြစ်သဖြင့် အသစ်ထွက်ခါစအမြစ်များ စားသုံးနိုင်ရန်အတွက် တစ်ဧကလျှင် ယူရီးယားမြေဩဇာ အိတ်တစ်ဝက် (၂၅ ကီလိုဂရမ်) အသုံးပြု၍ အပင်ခြေပတ်လည်တွင် ထည့်သွင်းပေးရမည်ဖြစ်သည်။ ထိုသို့ထည့်သွင်းပေးခြင်းဖြင့် အပင်ကြီးထွားမှုလျင်မြန်ပြီး အရွက်ဧရိယာများမှာ စိုက်ပေါင်တစ်ခုလုံးဖုံးအုပ်သွားသောကြောင့် ပေါင်းမြက်ပေါက်ရောက်မှုကို ကာကွယ်နိုင်ပေသည်။ စိုက်ပြီးတစ်လခွဲသားအရွယ်သည် ဥမြစ်စတင်ဖြစ်ထွန်းသည့်အရွယ်ဖြစ်ပြီး ၎င်းအချိန်သည် အစာကျွေးရန်အတွက် မဖြစ်မနေလိုအပ်သော အချိန်ဖြစ်သည်။ ပုံမှန်အမြစ်များမှ ဥအဖြစ်သို့ပြောင်းလဲသွားချိန်ဖြစ်သောကြောင့် ထိုအချိန်သည် အပင်အတွက် အာဟာရလိုအပ်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် ပေါင်းမြက်ရှင်းခြင်း၊ အစာကျွေးခြင်းနှင့် ပေါင်ထပ်ခြင်း လုပ်ငန်းစဉ်များအား လုပ်ဆောင်ပေးရန်လိုအပ်သည်။ ပင်လယ်ရေမျက်နှာပြင်အနိမ့်အမြင့်ပေါ်မူတည်၍ ဥမြစ်စတင်ချိန်ကွာခြားနိုင်သည်။ တောင်ပေါ်ဒေသများတွင် ဥမြစ်စတင်ချိန် နောက်ကျလေ့ရှိသည်။ အစာကျွေးရာတွင် ယူရီးယားမြေဩဇာအိတ်တစ်ဝက် (၂၅ ကီလိုဂရမ်)၊ တီစူပါ (၂၅ ကီလိုဂရမ်)နှင့် ပိုတက်တစ်အိတ် (၅၀ ကီလိုဂရမ်) အားရောစပ်၍ ထည့်သွင်းပေးရန်လိုအပ်သည်။ ၎င်းအစာများပေါ်တွင် မြေထုထုဖုံးအုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းသည် ဥကြီးထွားရန်အတွက် အဓိကကျသော လုပ်ငန်းစဉ်ဖြစ်သည်။ ပေါင်ထပ်ပြီးသည်နှင့်တစ်ပြိုင်နက် ကိုင်းတက်ဖဲ့ထုတ်ခြင်းလုပ်ငန်းအား မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။ အပင်တစ်ပင်တွင် အများဆုံးကိုင်းနှစ်ကိုင်းသာထားသင့်ပြီး ၎င်းထက်ပိုပါက အပင်ကြီးထွားမှုအတွက်အားပေးပြီး ဥကြီးထွားမှုလျော့ကျနိုင်ပေသည်။ တစ်လခွဲသားမှစတင်၍ လေးလသားအရွယ်ထိသည် ဥမြစ်ကြီးထွားချိန်ဖြစ်သောကြောင့် ရေကောင်းစွာလိုအပ်သော်လည်း လေးလသားအရွယ်နောက်ပိုင်းသည် ကစီဓာတ်ဖွဲ့စည်းချိန်ဖြစ်သဖြင့် ရေများစွာရရှိရန်မလိုအပ်ပေ။ ထိုအချိန်တွင် ရေဝပ်ခြင်းဖြစ်ပေါ်ပါက ကစီဓာတ်ဖွဲ့စည်းမှုအား အနှောင့်အယှက်ပြုနိုင်သောကြောင့် ရေဝပ်ခြင်းမဖြစ်စေရန်ဂရုပြုရပေမည်။ ပီလောပီနံသည် စိုက်ပျိုးချိန်တွင် ပူနွေးစွတ်စိုပြီး ရိတ်သိမ်းချိန်တွင် အေးမြခြောက်သွေ့သောရာသီဥတုကို ကြိုက်နှစ်သက်သော အပင်အမျိုးအစားဖြစ်သည်။ အရိပ်ကျရောက်သောနေရာတွင်စိုက်ပျိုးပါက အထွက်နှုန်း ၃၀ ရာခိုင်နှုန်းခန့်လျော့နည်းသွားမည်ကိုလည်း သတိပြုသင့်ပေသည်။

စိုက်ပြီးရှစ်လမှစတင်၍ ၁၄ လသားအရွယ်ထိ ဈေးကွက်ပေါ်မူတည်၍ ရိတ်သိမ်းနိုင်သည်။ ၁၆ လသားကျော်မှရိတ်သိမ်းလျှင် ကုန်ချောအရည်အသွေးကျဆင်းနိုင်မည်ဖြစ်သည်။ မျိုးကိုင်းထုတ်လုပ်ရာတွင် သက်တမ်း ၁၀ လသားအရွယ်မျိုးကိုင်းများသည် မျိုးအဖြစ်စိုက်ပျိုးရန် အကောင်းဆုံးဖြစ်သည်။ သက်တမ်းနုသောမျိုးကိုင်းများအား စိုက်ပျိုးပါက ရာသီဥတုဒဏ်အားကောင်းစွာခံနိုင်ရည်မရှိဘဲ ပျက်စီးနိုင်ပြီး သက်တမ်းရင့်လွန်းသော မျိုးကိုင်းများအားစိုက်ပျိုးပါက အပင်ပေါက်ရာခိုင်နှုန်းကျဆင်းနိုင်သည်။ ဥများအားရိတ်သိမ်းပြီး အမှုန့်နှင့်ကွင်းခြောက်ပြုလုပ်မည်ဆိုပါက ရိတ်သိမ်းပြီး ၂၄ နာရီအတွင်းပြုလုပ်နိုင်မှသာ အရည်အသွေးမြင့်ကုန်ချောရရှိနိုင်မည်ဖြစ်သည်။ စားသောက်ကုန်အဖြစ် ဥများအားတိုက်ရိုက်အသုံးပြုမည်ဆိုပါက ဥများအားရိတ်သိမ်းပြီး သုံးရက်ခန့်အတွင်း အသုံးပြုသင့်ပေသည်။



မျိုးကိုင်းထုတ်လုပ်ရာတွင် ရိတ်သိမ်းပြီးမျိုးကိုင်းများအား မစိုက်ပျိုးမီ အရိပ်ရသောနေရာတွင်ထောင်လျက် ခပ်ကျဲကျဲအနေအထားဖြင့် လေဝင်လေထွက်ကောင်းအောင်ပြုလုပ်၍ သိမ်းဆည်းရမည်ဖြစ်သည်။

ပိုးမွှားနှင့်ရောဂါကျရောက်မှုအား ကာကွယ်နှိမ်နင်းနိုင်ခြင်းသည်လည်းအထွက်နှုန်းနှင့် အရည်အသွေးမြင့်မားစေသော အချက်တစ်ချက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပီလောပီနံသီးနှံ၌ ပိုးမွှားနှင့်ရောဂါကျရောက်မှုမှာ အခြားသောကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်ပါက များစွာလျော့နည်းသည်ကိုတွေ့ရှိရပေသည်၊ သို့သော်လည်း ပေါင်းမြက်ကောင်းစွာမရှင်းလင်းသည့် စိုက်ခင်းများနှင့် မျိုးစေ့ဆောင်ရောဂါပါလာသော စိုက်ခင်းများတွင် အပင်နှစ်လသားနောက်ပိုင်း၌ ယင်ဖြူ၊ စုပ်စားပိုးနှင့် အမြစ်ပုပ်ရောဂါများ တွေ့ရှိရတတ်သည်၊ ၎င်းပိုးမွှားရောဂါများကျရောက်ပါကသတ်မှတ်ထားသောဆေးဝါးများအား အချိန်မီပက်ဖျန်းခြင်းနှင့် ရောဂါကျရောက်သည့် အစိတ်အပိုင်းများအား မီးရှို့ဖျက်ဆီးခြင်းတို့ကို မဖြစ်မနေလုပ်ဆောင်ပေးရန်လိုအပ်သည်။

သီးနှံတစ်ခုအား နှစ်စဉ်ဆက်တိုက်စိုက်ပျိုးလျှင် ရောဂါနှင့်ပိုးမွှားကျရောက်ရန်လွယ်ကူနိုင်ပြီး မြေတွင်းရှိအာဟာရဓာတ်လိုအပ်ချက်မှာလည်း တစ်သမတ်တည်းလျော့နည်းနိုင်သည်။ ထို့ကြောင့် ပီလောပီနံနှစ်စဉ်စိုက်ပျိုးသောဒေသများတွင် ပီလောပီနံရိတ်သိမ်းပြီးချိန်၌ အခြားသီးနှံတစ်ခုအား သီးလှည့်စိုက်ပျိုးခြင်း၊ သုံးနှစ်လျှင်တစ်ကြိမ်ခန့် သီးနှံပြောင်း၍စိုက်ပျိုးခြင်းတို့ ဆောင်ရွက်သင့်ပေသည်။ သီးလှည့်စိုက်ပျိုးရန်မဖြစ်နိုင်ပါက စိုက်ပေါင်များပေါ်၌ ပီလောပီနံစိုက်ပျိုးစဉ်အချိန်တွင် ပဲသီးနှံတစ်မျိုးမျိုးအား ကြဲပက်စိုက်ပျိုး၍ သစ်စိမ်းမြေဩဇာအနေဖြင့်ထည့်သွင်းစိုက်ပျိုးနိုင်ပေသည်။ သဘာဝမြေဩဇာများထည့်သွင်း၍လည်း မြေဆီလွှာအာဟာရဓာတ်များပြန်လည်ကောင်းမွန်အောင် ပြုပြင်ခြင်းများဆောင်ရွက်သင့်သည်။ ပီလောပီနံသီးနှံမှထွက်ရှိလာသော ဘေးထွက်ပစ္စည်းများ (အရွက်၊ ကိုင်းဖျား၊ ဥခွံ၊ ဥအပိုင်းအစ)ကို အသုံးပြု၍လည်း သဘာဝမြေဩဇာများ ပြုလုပ်၍ပြန်လည်သုံးစွဲနိုင်သည်။ ပီလောပီနံသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်မည်ဆိုပါကသုံးစွဲရသည့် ဓာတုပစ္စည်းများစွာလျော့နည်းသောကြောင့် သီးနှံတွင်ပါဝင်နိုင်သော ဓာတ်ကြွင်းအာနိသင်လျော့နည်းခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအားလျော့နည်းစေခြင်းနှင့် စိုက်ပျိုးသူများအတွက် ဓာတုအဆိပ်သင့်မှုလျော့နည်းခြင်းစသော ကောင်းကျိုးများလည်းရှိသောသီးနှံဖြစ်သည်။

အထက်တွင်ဖော်ပြသကဲ့သို့ ပီလောပီနံသီးနှံသည် သုံးစွဲမှုများစွာရှိသောကြောင့် ပြည်တွင်းဝယ်လိုအားမှာ များစွာမြင့်တက်လျက်ရှိပြီး ပြည်ပသို့လည်းတင်ပို့နိုင်သော သီးနှံတစ်ခုလည်းဖြစ်သည်။ ကမ္ဘာ့ဝယ်လိုအားအကောင်းဆုံးနိုင်ငံများမှာ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ဖြစ်သောကြောင့် မိမိတို့နိုင်ငံသည် ဈေးကွက်တွင်အချက်အချာကျသော နိုင်ငံဖြစ်သည်။ ပြည်ပဝယ်လိုအားကောင်းသော သီးနှံဖြစ်သောကြောင့် ပြည်တွင်းစားသုံးမှုလုံလောက်ရုံသာမက ပြည်ပတင်ပို့မှုအတွက်ပါ စဉ်းစား၍ တိုးချဲ့စိုက်ပျိုးသင့်သောသီးနှံဖြစ်ပေသည်။ ပြည်ပဝယ်လိုအားများစွာရှိသောကြောင့်လည်း နိုင်ငံခြားဝင်ငွေရရှိနိုင်သော သီးနှံဖြစ်ပြီး ဈေးကွက်ခိုင်မာမှုရှိခြင်း၊ နေရာဒေသမရွေး အလွယ်တကူစိုက်ပျိုးနိုင်ခြင်း၊ စိုက်ပျိုးစရိတ်ကုန်ကျမှုနည်းခြင်း၊ သွင်းအားစုကို အပြည့်အဝတုံ့ပြန်နိုင်သော သီးနှံဖြစ်သောကြောင့် စိုက်ပျိုးသူများအနေဖြင့် လက်လွှတ်မခံသင့်သော အခွင့်အရေးရှိသည့် စက်မှုကုန်ကြမ်းသီးနှံတစ်ခုဖြစ်ကြောင်းဖော်ပြလိုက်ရပေသည်။ ။

**အောင်သွင်**

❍ **တပ်မတော်မြစ်တွင်းသွားမှ**

ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၂) ရေတပ်ဆိပ်ခံတံတားမှ လည်းကောင်း အသီးသီးထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။



တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်) ရန်ကုန်မြို့မှထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

အဆိုပါ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများလိုက်ပါသွားကာ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ပေါ်တွင် လူနာ(၃၀)ဦး အထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် လူနာ(၂၅)ဦးအထိ လည်းကောင်း တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်း ပါရှိကြောင်းသိရှိရသည်။

တပ်မတော်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန်ခက်ခဲသော ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၂၀) ကြိမ်မြောက်ဖြစ်ပြီး (၁၉)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၈၅၅၆၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်(၃၁)ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)အနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၉)ကြိမ်မြောက်ဖြစ်ပြီး (၁၈)ကြိမ်မြောက်အထိ ဒေသခံပြည်သူ ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့




မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကိုတစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၄ ဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၂၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးပိုင်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၄၀ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၀၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

⊃ **ကျောဖုံးမှအဆက်**

အမှတ်(၂၇)အဆန် နေပြည်တော်-မန္တလေးနှင့် အမှတ်(၂၈)အစုန် မန္တလေး-နေပြည်တော်ရထားခရီးစဉ်များကိုပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့်ပြေးဆွဲမည့် အမှတ်(၂၇)အဆန် ခေတ်မီလေအေးပေးစက်ပါ လေအိတ်ရထားသည် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင်စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၂၈)အစုန်ခေတ်မီလေအေးပေးစက်ပါ လေအိတ်ရထားသည် မန္တလေးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာပြီး နေပြည်တော်ဘူတာသို့ နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

မန္တလေးမှရန်ကုန်သို့ ဆက်လက်လိုက်ပါလိုသည့်ခရီးသည်များအနေဖြင့်နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာမည့် အမှတ်(၈)အစုန် ခေတ်မီ DEMU ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ရန်ကုန်သို့ ညနေ ၅ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့အတူ ရန်ကုန်မှ နံနက် ၆ နာရီတွင်ထွက်ခွာမည့် အမှတ်(၃၁)အဆန် ခေတ်မီ DEMU ရထားဖြင့် လိုက်ပါလာသည့်ခရီးသည်များအနေဖြင့် မန္တလေးသို့ ဆက်လက်လိုက်ပါလိုပါက အထက်ပါ ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့်ပြေးဆွဲမည့်ရထားတွင် ချိတ်ဆက်စီးနင်းနိုင်ကြောင်း သိရသည်။

နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ်ပြေးဆွဲမည့်လေအိတ်ရထားတွဲဆိုင်းတွင် ရိုးရိုးတန်း လေအိတ်လူစီးတွဲ နှစ်တွဲ၊ လေအေးပေးစက်ပါအထက်တန်းလေအိတ်လူစီးတွဲ နှစ်တွဲနှင့် လေအိတ်ဘရိတ်တွဲတစ်တွဲ စုစုပေါင်းတွဲ ငါးတွဲဖြင့် ခရီးသည် ၂၃၈ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ မန္တလေး-နေပြည်တော်၊ နေပြည်တော်-မန္တလေး ခရီးစဉ်အတွက် ရိုးရိုးတန်း ငွေကျပ် ၁၅၀၀၀၊ အထက်တန်းငွေကျပ် ၂၀၀၀၀ ဖြစ်ပြီး လက်မှတ်များကို မိမိတို့သွားရောက်လိုသည့် ခရီးစဉ်များအတိုင်း ငါးရက်ကြိုတင်၍ တယ်လီဖုန်းဖြင့်ကြိုတင်မှာယူပြီး MMQR စနစ်ဖြင့် အွန်လိုင်းမှငွေပေးချေ၍ လည်းကောင်း၊ သက်ဆိုင်ရာဘူတာများတွင် အထက်တန်းလက်မှတ်ကို သုံးရက်နှင့် ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်-မန္တလေးခရီးစဉ်တစ်လျှောက် တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည်နှင့် ကျောက်ဆည်ဘူတာ လေးခု၌သာ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ခရီးစဉ်အစအဆုံးပြေးဆွဲချိန် ငါးနာရီသာကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

## လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိနေ

နေပြည်တော် နိုဝင်ဘာ ၁၇

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းရိုးတန်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ဖြည်းညင်းစွာရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




**ပျောက်ဆုံးကြောင်း**
စောမြသန္တာ(ဘ)ဦးသံလုံး ၁၀/ကထန(နိုင်)၁၀၀၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 128304)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
တင်ဌေး(ဘ)ဦးညွန့်လှိုင် ၁၂/ကမတ(နိုင်)၀၀၂၃၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 422758)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**မွေးသက္ကရာဇ်အမှန်**
အဘ ဦးလှိုင်မျိုးဝင်း ၁၂/ဒလန(နိုင်)၀၄၀၅၃၆ နှင့် အမိ ဒေါ်မေသန္တာထူး(ခ)ဖြူဖြူခိုင် ၁၂/အစန(နိုင်)၂၀၉၈၄၇ တို့၏သား မောင်ဥက္ကာဘုန်းခန့်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၇-၂၀၂၀)ဖြစ်ပါကြောင်း။ ၁၂-၇-၂၀၂၀

**ပျောက်ဆုံးကြောင်း**
ထက်ကိုကိုလင်း(ဘ)ဦးဝင်းမြင့် ၁၂/မရက(နိုင်)၁၆၈၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၅၅၀၅၀

**ပျောက်ဆုံးကြောင်း**
ဝါဝါနွယ်(ဘ)ဦးတင်လှိုင် ၈/ကမန(နိုင်)၀၆၀၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၆၁၀၅၅၅

**ပျောက်ဆုံးကြောင်း**
ကောင်းရဲထွဋ်(ဘ)ဦးရဲလင်း ၉/ခမစ(နိုင်)၀၇၄၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၆၀၆၅၇၃

**ပျောက်ဆုံးကြောင်း**
ကိုကျော်ဦး(ဘ)ဦးမောင်အေး ၃/ပကန(နိုင်)၀၄၁၆၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 280187)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မေဖြိုးဦး(ဘ)ဦးဝင်းညွန့် ၁၂/ဒလန(နိုင်)၀၇၂၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၀၈၈၉၉၁

**မွေးသက္ကရာဇ်အမှန်**
အဘ ဦးဘဦး၏သား မှတ်ပုံတင်အမှတ် ၁၂/ဥကမ(နိုင်)၀၇၂၉၄၂ ကိုင်ဆောင်သူ ဦးသန်းမောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၈-၅-၁၉၆၅)ဖြစ်ပါကြောင်း။
(၂၈-၅-၁၉၆၅)

**ပျောက်ဆုံးကြောင်း**
မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်နေ မဆလော်ဂျာဘရန်လု(ဘ)ဦးဆလော်မှုံအောင် ၁/မကန(နိုင်)၁၅၄၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 763264)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၇၁၇၇၁၀၆

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ရပ်ကွက်ကြီး(၇)နေ ထက်လင်းပိုင်(ဘ)ဦးကျော်မိုး ၇/ပခန (နိုင်)၃၂၅၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 505760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၉၅၃၆၂၁၈

**ပျောက်ဆုံးကြောင်း**
မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်နေ ဦးဇော်နော်(ဘ)ဦးဆင်ဝါး ၁/မကန(နိုင်)၁၆၃၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၆၉၄၈၉၄

**ပျောက်ဆုံးကြောင်း**
မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ ဦးဆီလိုရဲ့(ဘ)ဦးအားဆီဆဲ ၁/ပတအ(နိုင်)၀၃၂၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 218558)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၈၈၃၃၄၀၂

**ပျောက်ဆုံးကြောင်း**
မြောက်ဥက္ကလာပမြို့နယ်၊ ဝေပုလ္လ(၆)လမ်းနေ ဦးသန်းထွဋ်ဦး(ဘ)ဦးသိန်းထွဋ် ၁၂/ဥကမ(နိုင်)၁၄၈၂၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 966748)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝိုင်းမော်မြို့၊ မခွီးကျေးရွာနေ ဦးဂျီဝမ်း(ဘ)ဦးအမ်နတ် ၁/ဝမန(နိုင်)၀၃၈၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၈၈၃၃၄၀၂

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၅၆/က)ကောက်ရင်မွှေးလမ်း၊ (၁၆၈)ရပ်ကွက်နေ သန့်ဇင်အောင်(ဘ)ဦးမြင့်ကြည် ၁၂/ဒဂဆ(နိုင်)၀၃၃၈၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၃၄၄၂၉၀

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ကိုဖိုးထောင်(ခ)ဦးအောင်မျိုးခန့်
## အသက်(၄၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့၊ အမှတ်(၁)ရပ်ကွက်နေ (ဦးကျော်ဝင်း-ဒေါ်ကျင်ဟန်)တို့၏သား၊ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးနေမျိုးဦး-ဒေါ်မျိုးပပစိုးတို့၏ညီ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးကျော်စိုးမိုး-ဒေါ်မြတ်ဆုအောင်(ဒုတိယညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်)တို့၏မောင်၊ မအေးချမ်းမိုးပွင့်၊ မောင်အောင်ဘုန်းမြတ်တို့၏ဦးလေး ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၀)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၈၃၉)နေ ဒေါ်သီရိလှိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဥက္ကာခန့်မောင်၏ဖခင်သည် ၁၇-၁၁-၂၀၂၅ ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်အချိန်တွင် (၉၆)ပါးသောရောဂါဖြင့် မြောက်ဥက္ကလာပအထွေထွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၉-၁၁-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်ပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အားပင့်ဖိတ်၍ ဆွမ်းအစရှိသောဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မိုင်းဆတ်မြို့နေ ဒေါ်စန်းစန်းဝင်း ၁၄/ဟသတ(နိုင်)၁၉၅၉၁၀ ၏ဖခင် ဦးတင်စိန်လေးနှင့် ဦးတင်စိန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးတင်စိန်လေး(ခ)ဦးတင်စိန်**

**ပျောက်ဆုံးကြောင်း**
အေးမိုးသူ(ဘ)ဦးယဉ်အေး ၁၄/ကလန(နိုင်)၂၀၂၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်မြင့်(ဘ)ဦးမောင်ဘ ၁၂/ရကန(ဧည့်)၀၀၀၁၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မေရီဂျာဇင်အောင်(ဘ)ဦးဘရန်အောင် ၁/မကန(နိုင်)၂၈၆၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်မျိုးကြည်(ဘ)ဦးရွှေမြ ၁၄/မအပ(နိုင်)၁၅၅၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၀၉၁၇၅၁၁

**ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ခွဲ)မရမ်းကွင်းကျောင်းမှ ဆရာမ ဒေါ်နိုင်နိုင်၏ ဖခင် ဦးရဲသေ့(ခ)ဦးသန်းအေး ၁၄/ဟကက(နိုင်)၀၂၅၉၈၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးရဲသေ့(ခ)ဦးသန်းအေး**

**ပျောက်ဆုံးကြောင်း**
ခိုင်ဇင်မင်း(ဘ)ဦးလှဝေ ၁၂/ဥကမ(နိုင်)၁၅၅၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၇၈၀၉၁၀

**ပျောက်ဆုံးကြောင်း**
ရဲကိုကို(ဘ)ဦးခင်ထွန်း ၈/ကမန(နိုင်)၀၆၂၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 729592)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၇၁၁၄၇၃

**ပျောက်ဆုံးကြောင်း**
ဇာခြည်မိုး(ဘ)ဦးမြင့်လွင် ၇/တငန(နိုင်)၁၇၁၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၆၀၂၁၂၄

**ပျောက်ဆုံးကြောင်း**
သက်ဖြိုးအောင်(ဘ)ဦးမြသိန်း ၈/အလန(နိုင်)၁၈၃၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ပန်းအိလှိုင်(ဘ)ဦးခင်မြင့် ၁၄/အမန(နိုင်)၁၂၅၅၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သူဇာသိန်း(ဘ)ဦးတင်အေး ၃/ဘအန(နိုင်)၂၁၃၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 731856)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နိုင်မင်းထက်(ဘ)ဦးသောင်းညွန့် ၈/တတက(နိုင်)၁၄၁၃၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၅၂၆၉၄၄

**အလိမ္မာစာမှာရှိ**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုလျက်ရှိသော CBM/G-15: Hardware Requirement for HR Application System ရှိ Server နှင့် Switch များအတွက် (၁)နှစ်သက်တမ်းရှိ နည်းပညာအထောက်အကူပေးခြင်းဝန်ဆောင်မှုနှင့် Thomson Reuters System အတွက် အသုံးပြုလျက်ရှိသော Server များ၏ Hardware Warranty License (၁)နှစ်သက်တမ်းတိုးခြင်းနှင့် Thomson Reuters System ရှိ Server Switch နှင့် Firewall များအတွက် (၁)နှစ်သက်တမ်းရှိ နည်းပညာအထောက်အကူပေးခြင်း ဝန်ဆောင်မှုရယူနိုင်ရေးတို့အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သောအိတ်ဖွင့်တင်ဒါပုံစံကို (၁၈-၁၁-၂၀၂၅)ရက်နေ့မှ (၂၄-၁၁-၂၀၂၅)ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂-၁၂-၂၀၂၅)ရက်နေ့ မွန်းလွဲ(၁:၀၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section တွင် တင်သွင်းရန်ဖြစ်ပါသည်။ **(သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)**

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(တင်ဒါအာမခံအား ငွေသား(သို့မဟုတ်)PO Cheque ဖြင့် တင်သွင်းခြင်းအား လုံးဝ(လုံးဝ)လက်မခံပါ။)**

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ Infrastructure Maintenance Section ၏ တယ်လီဖုန်းနံပါတ် ၀၁-၉၅၅၅၅၃၀နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သူကြီးလက်ဖက် ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍
## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ လေးထောင့်ကန်လမ်းမ၊ အမှတ်(၂)တွင်ရှိသော Myanmar Indo Best Company (Registration No:103462746)သည် အောက်တွင်ပါရှိသော အမှတ်တံဆိပ်အမည်အား ကုမ္ပဏီ၏မူပိုင်အဖြစ်အသုံးပြုရန်အတွက်ရည်ရွယ်ကာ မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် ဖန်တီးထားသော ကုန်အမှတ်တံဆိပ်ဖြစ်ပါသည်။

**"သူကြီးလက်ဖက်"** အမှတ်တံဆိပ်အမည်ဖြင့် အဆင့်မြင့်လက်ဖက်အစို၊ လက်ဖက်အညွန့် (အရသာအစိမ့်၊ ချဉ်စပ်)လက်ဖက်အရသာအမျိုးမျိုးတို့ကို Myanmar Indo Best Company မှ အဆင့်မြင့်ထုတ်လုပ်၍ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်း၊ ကိုယ်စားလှယ်ပေးခြင်းနှင့် Social Media တွင် ကြော်ငြာခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အထက်ပါ အမှတ်တံဆိပ်အမည်ဖြင့် အသုံးပြုလျက်ရှိပါသည်။




အထက်ပါ**"သူကြီးလက်ဖက်"**အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနတွင် **"သူကြီးလက်ဖက်"** အမှတ်တံဆိပ်အား Classification No.,29.,35 တို့နှင့် မူပိုင်ခွင့်ရရှိရေးမှတ်ပုံတင်သွင်းမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းတုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အသုံးပြုခြင်းမျိုး မပြုလုပ် မဆောင်ရွက်ကြပါရန် သတိပေးတားမြစ်ထားပါသည်။ အကယ်၍ သတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့်တံဆိပ်အမှတ်အသားအမည်တို့ကို ဖျက်သိမ်းပြယ်ပျက်သွားသည်အထိ ဆောင်ရွက်အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**MYANMAR INDO BEST COMPANY ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**Genius Law Firm**

| | |
|---|---|
| **ဒေါ်မြင့်မြင့်စန်း(LL.B., Advocate)** | **ဒေါ်ခင်ဝတ်ရည်ဦး(LL.B.,D.B.L.,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၃၇၂/၁၉၉၇)** | **(စဉ်-၁၃၉၇၉/၂၀၁၇)** |

**အမှတ်-၆၄/၆၆၊ (၇ဘီ)၊ ရောဝဏ်ကွန်ဒို၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၃၀၀၅၇၃၃၊ ၀၉-၂၆၀၀၀၅၇၃၃**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ


နေပြည်တော် နိုဝင်ဘာ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၂ ရက်နှင့် ၁၃ ရက်**တို့တွင် ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၅၃၄)တန်၊ အခြားသစ် (၂ ဒသမ ၀၂၄)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၇၉၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၃ ရက်**တွင် ပုသိမ်ကြီးမြို့နယ်၊ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၆၉၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၆၉၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၁ ရက်**တွင် ကျိုက်ထိုမြို့နယ်၊ တောင်သူစုရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ပစ္စည်းများ

စစ်ကိုင်းတိုင်း ဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်**တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်မြို့၊ မုတ္တမဆိပ်ကမ်း (လှိုင်သာယာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း (၅၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၃)မျိုး၊ စားသောက်ကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၁၅၀၄၆၉)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Zwe Ayar ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၁၃၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၆၁၂၀၄၆၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**နိုဝင်ဘာလ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၀၆၁၇၅၇၃)**ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၄ ရက်**တွင် မြဝတီမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ် (၉၈) ရှိဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၈)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၃ ရက်**တွင် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုး (၁၆)လုံး အပါအဝင်ဆက်စပ်ပစ္စည်း (၅)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၅ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**နိုဝင်ဘာလ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်**တို့တွင် ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ (၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၉-၁၁-၂၀၂၅ ရက် ည ၈ နာရီမှ ၁၆-၁၁-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကိုကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ၁၇-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

**သတ်မှတ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

ဟိန်းမင်းနိုင်(ဘ)ဦးမောင်ဖုန်း ၁၄/မမန(နိုင်)၂၄၅၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၂၁၁၃၆၄၀

**ပျောက်ဆုံးကြောင်း**

သက်သက်ဆွေ(ဘ)ဦးဟန်ကြည် ၁၂/ဗတထ(နိုင်)၀၃၅၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၆၁၁၈၆၅

**ပျောက်ဆုံးကြောင်း**

ကျော်ကျော်ထွန်း(ဘ)ဦးလှတင် ၈/ပဖန(နိုင်)၀၈၀၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၅၁၇၁၃၄

**ပျောက်ဆုံးကြောင်း**

မြင့်လွင်ဦး(ဘ)ဦးမြစော ၁၄/ပတန(နိုင်)၁၂၀၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၅၃၅၈၀

**ပျောက်ဆုံးကြောင်း**

ပြည့်စုံ(ဘ)ဦးညွန့်တင် ၁၂/လမန(နိုင်)၁၃၉၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၁၁၄၇၆၆၃

**ပျောက်ဆုံးကြောင်း**

ဖော်ယာဇူအီဆလင်(ဘ)ဦးဆွေယောနူရ် ၁၂/ဒဂတ(နိုင်)၁၅၇၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၂၀၂၁၆

**ပျောက်ဆုံးကြောင်း**

ဩဘာသ(ဘ)ဦးတင်ဦး ၁၃/ကမန(သ)၀၀၀၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၆၂၃၇၉၁

**ပျောက်ဆုံးကြောင်း**

သန္တာဝင်း(ဘ)ဦးစိုးမောင် ၁၂/သကတ(နိုင်)၂၁၆၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၉၁၉၉၉၉

**ပျောက်ဆုံးကြောင်း**

ထွန်းဦး(ဘ)ဦးလှဌေး ၁၂/လမန(နိုင်)၀၈၇၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

သန်းပြုံးမောင်(ဘ)ဦးကျော်သူရ ၁၂/စခန(နိုင်)၀၆၅၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၀၁၄၂၅၂

**ပျောက်ဆုံးကြောင်း**

မထွန်းသီခိုင်(ဘ)ဦးတင်အေး ၁၂/ဒဂတ(နိုင်)၀၉၃၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဇာဇာအောင်(ဘ)ဦးမြင့်အောင် ၅/ကနန(နိုင်)၀၈၁၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၂၄၉၃၆၈


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အချော်အသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
MALTA FRESH
DAGON


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာရှိ စိတ်ရွှင်ကြည်နူး ....
ISO 9001:2008 Cert. No.688076
Cert. No.688429
Black Tea
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
SHWE PHE OO

❖ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏အနီးဝန်းကျင်တွင် သစ်တောသစ်ပင်အနည်းဆုံး ၂ ကေခန့် စိုက်ပျိုးခြင်းများကိုဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဟိုင်းကြီးကျွန်းအနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှပါရဂူများ၊ဆေးမှူးများနှင့်သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၄)ရေတပ်ဗဟိုတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊

စာမျက်နှာ ၂၇ ကော်လံ ၁ ❍



တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်မြို့မှ ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည် မိသားစုများကပို့ဆောင်နှုတ်ဆက်ကြစဉ်။

## ပြည်သူ့ပါတီနှင့် လူထုပါတီတို့၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်သူ့ပါတီနှင့် လူထုပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၇)နှင့် စာမျက်နှာ(၉)တို့တွင် ဖော်ပြပါရှိပါသည်။

မြဝတီ

## နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ၉ ဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

စာ - ၂၂ သို့

## သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကျင်းပ

စာ - ၆ သို့

## ဘက်ထရီလျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး ခေတ်မီလေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းများဖြင့် နေပြည်တော်-မန္တလေး၊ မန္တလေး-နေပြည်တော်ရထားခရီးစဉ်များ စတင်ပြေးဆွဲမည်



နေပြည်တော် နိုဝင်ဘာ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူ ရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ နေပြည်တော်-မန္တလေးနှင့် မန္တလေး-နေပြည်တော် ခရီးစဉ်များကို ဘက်ထရီလျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး ခေတ်မီလေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းများဖြင့် နိုဝင်ဘာလ ၂၂ ရက်မှစတင်၍ လက်ရှိ RBE များဖြင့် ပြေးဆွဲနေသော

စာမျက်နှာ ၂၇ ကော်လံ ၄ ➲